# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အများပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် သာစည် - ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန်လူစီးရထားနှင့် အောင်ပန်း - ကလော၊ ကလော-မြင်းဒိုက် Tour Train (RGC)ရထားများ ပြန်လည်ပြေးဆွဲပေးမည်



သာစည် - လိုင်းတက်ကြား တံတားအမှတ်(၂၈) ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု။

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီစူပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ပြုပြင်နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေး ရထားလမ်းတောက်လျှောက် ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများနှင့် ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနိုင်ခဲ့သည်။

ထို့အတူ သာစည်-ရွှေညောင်လမ်းပိုင်းအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် လမ်းပိုင်းအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ သာစည်-ရွှေညောင်လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်


*စာမျက်နှာ ၅ ကော်လံ ၁* ❑


## နေပြည်တော်၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော် ပျဉ်းမနားမြို့ "မင်္ဂလာကန်တော်ခန်းမ" (မြင်းရုပ်အနီး)၌ ကျင်းပပြီး ဆေးကုမ္ပဏီ ၄၀ မှ ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


**ယနေ့ ဖတ် စ ရာ**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း — စာ ၄

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို ကြိုးပမ်းကြပါစို့ — ဆောင်းပါး — စာ ၆

စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား အသုံးပြုရန် သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည် — ပြည်တွင်းသတင်း — စာ ၁၅

မြန်မာ့အလင်း

## ယာဉ်၊လမ်းအန္တရာယ်ကင်းရေး ဒုတိယဆယ်စုနှစ် ရည်မှန်းချက် ပြည့်မီအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုအကြိမ်ရေနှင့် သေဆုံးသူလူဦးရေတို့မှာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လျော့ကျသွားကြောင်း သိရသည်။ ယမန်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်တိုက်မှု ၃၈၇၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၂၀၁၁ ဦး ရှိခဲ့ရာ ၂၀၂၃ ခုနှစ် ယာဉ်တိုက်မှုများ၏အောက် ၈၉၇ ကြိမ် လျော့ကျသွားခဲ့ပြီး သေဆုံးသူ ၄၁၁ ဦး လျော့ကျသွားခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါယာဉ်မတော်တဆဖြစ်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားရန်၊ ယင်းမှတစ်ဆင့် လုံးဝပပျောက်သွားစေရန် ရည်ရွယ်၍ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC) သည် National Road Safety Action Plan (2021-2030) နှင့်အညီ မိမိနိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ NRSC သည် ယာဉ်မောင်းသူများ သိရှိလိုက်နာကြရမည့် Quick Win အစီအမံ (၅) ရပ်ဖြစ်သော (၁) မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ (၂) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရေး၊ (၃) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စေရေး၊ (၅) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှု မရှိစေရေးတို့ကို ချမှတ်ထားပြီး အထက်တွင် ဖော်ပြခဲ့သည့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀) ကိုပါ ကဏ္ဍကြီး (၈) ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်ဟုလည်း သိရသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးမှုများသည် မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ်ဆက်တိုက်ကျဆင်းလာခဲ့ရာ လူဦးရေတစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကြိမ်နှုန်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့သည်။ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်း ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၄၅ ရာခိုင်နှုန်းရှိနေသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပထမဆယ်စုနှစ်ဖြစ်သော (၂၀၁၁-၂၀၂၀) ကို အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်နိုင်ငံများမှာ တစ်ကမ္ဘာလုံးတွင် ၁၀ နိုင်ငံသာရှိခဲ့ပြီး မြန်မာအပါအဝင် ကျန်နိုင်ငံအားလုံး ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဟု သိရသည်။ လမ်းပေါ်မတော်တဆမှု (Road Accident) များကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးဖြစ်နေပြီး ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရမှုများတွင် အာဖရိကနှင့် အရှေ့တောင်အာရှနိုင်ငံများက ထိပ်ဆုံးတွင်ရှိနေရာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အောင်မြင်ပြည့်မြောက်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ယာဉ်စီးရေနှင့် ယာဉ်သုံးစွဲမှုတို့ တိုးတက်များပြားလာနေပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကလည်း ကြီးထွားလာနေခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဆယ်စုနှစ်အလိုက် စီမံချက်များချမှတ်၍ ဟန့်တားထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဒုတိယဆယ်စုနှစ် (၂၀၂၁-၂၀၃၀) ကိုအကောင်အထည်ဖော်လျက်ရှိရာ စီမံချက်၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှု၏ အခြေခံနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် သေဆုံးမှု၏ ထက်ဝက်သို့လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများကို စနစ်တကျစောင့်ကြည့်အရေးယူခြင်း၊ ပြည်သူများအား အသိပညာပေးခြင်းနှင့် အရေးပေါ်ဆောင်ရွက်ရမည့် အချက်များ၊ ရှေးဦးပြုစုခြင်းများကို သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း စသည်တို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစီမံချက် အောင်မြင်ရန် အပတ်တကုတ် အားထုတ်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

### ၂၄ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၅၃ မိနစ် ၃၃ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၅ ဒီဂရီ၊ အနက် ၄၃ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

### ယနေ့အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

### ၂၄ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၇၉၀၀ | ၆၁၅ | ၄၈၆၂၅၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၂၄၂ | ၇၅၀၂၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၃ | ၂၅၂၀၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၅၀၀ | ၉၂၅၀၀၀ |
| TMH | ၃၂၀၀ | ၃၂၀၀ | ၄၀၆ | ၁၂၉၉၂၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၆၃၀ | ၁၀၃၉၅၀၀ |
| AMATA | ၄၀၀၀ | ၄၁၀၀ | ၁၁၀ | ၄၄၁၀၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၂၂၃ | ၇၂၄၇၅၀ |
| MADPL (PLB) | ၃၀၅၀ | ၃၀၅၀ | ၀ | ၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်


လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်




**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့၏ (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

### ကျင်းပပြုလုပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကို ဗီယင်ကျန်းမြို့ရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် အရာရှိကြီးများနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေးလက်ခမ်ဖုန်) ဦးဆောင်သည့် အရာရှိကြီးများ တက်ရောက်ကြသည်။

### ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် မြန်မာ - လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ် အသုံးပြုလိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ တရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများ(BLOs) အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများမှတစ်ဆင့် လူနှင့် ကုန်ပစ္စည်းများ တရားမဝင် ဝင်/ထွက်သွားလာမှုမရှိစေရေးအတွက် သက်ဆိုင်ရာပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ရာဇဝတ်မှုကျူးလွန်ပြီး ဝရမ်းပြေးများအဖြစ် ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များကို ရှာဖွေဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးရေးနှင့် တားဆီးထိန်းချုပ်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေး စနစ်တစ်ရပ်ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

### လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအား ထိရောက်အကျိုးရှိစွာ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ (ဓါတ်ပုံ)

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေးလက်ခမ်ဖုန်) တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

### ပြန်လည်ရောက်ရှိ

ထို့ပြင် ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပပြုလုပ်သည်။** (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် နှစ်ဖက်အဆိုပြုချက်များကို





ဆက်လက်ဆွေးနွေး ညှိနှိုင်းကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းမည့်ကိစ္စအား နိုင်ငံရေးပါတီများ အစုအဖွဲ့ဘက်မှ ရှင်းလင်းတင်ပြသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်၍ အထွေထွေဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံရေးပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုရရှိရန် လုပ်ဆောင်သင့်သော အစီအမံများအား အကြံပြုဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေး ကိစ္စရပ်များ၊ လက်ရှိနိုင်ငံရေး အခင်းအကျင်းနှင့် အစိုးရနှင့်ပြည်သူ လက်တွဲ၍ ကျော်လွှားနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော်ရင်ခွင်သို့ ပြန်လည်ဝင်ရောက်မှု များပြားလာစေရေး အကြံပြုတင်ပြခြင်း ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေအတွက်တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ၂ ရက်တာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဆက်လက်ဆွေးနွေးရန် လိုအပ်သည့် နှစ်ဖက်အဆိုပြုချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့် သဘောထားများကို သဘောထားစုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**

---

## နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသူများ၏ စကားသံများ

**နေပြည်တော် ဇန်နဝါရီ ၂၄**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိရာ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ရရှိခဲ့သည့် သဘောတူညီမှုရလဒ်များ၊ နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။





ဦးကိုကိုကြီး( ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)





ဒေါက်တာအေးမောင်(ဥက္ကဋ္ဌ၊ ရခိုင်ဦးဆောင်ပါတီ)





ဒေါက်တာအောင်မြတ်ဦး
(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)





ဦးခင်မောင်သိန်း
(ဗဟိုအလုပ်အမှုဆောင်၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)

**ဦးကိုကိုကြီး( ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)**

နိုင်ငံတစ်နိုင်ငံမှာ အမြင့်ဆုံးဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါတယ်။ ဒီဥပဒေရဲ့ သဘောတရားကလည်း ကျင့်သုံးရင်းနဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေရှိရင် တဖြည်းဖြည်းပြင်ဆင်ပြီးတော့ ကောင်းသထက်ကောင်းအောင် ကြိုးစားကြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်း နှစ်ဆက်အတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးပြီးတဲ့အချိန်မှာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို တွေ့ရှိလာရတာတွေရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ အခက်အခဲတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကနေ ဖြေရှင်းရမယ်ဆိုရင် မဖြစ်မနေ ပြင်ဆင်သင့်တဲ့အချက်တွေကို ဆွေးနွေးကြပါတယ်။ ဒီအချက်တွေထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဘက်က အဆိုပြုတဲ့အချက်တွေရှိသလို ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ကလည်း အဆိုပြုတဲ့ အချက်တွေရှိပါတယ်။ ဒီအချက်တွေကို နှစ်ဖက်ညှိနှိုင်းပြီးတော့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာ ပြင်ဆင်တဲ့အခါ ကြိုတင်ညှိနှိုင်းသဘောတူပြီးသားဖြစ်အောင် ကြိုးစားဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ဆွေးနွေးပြီး သဘောထားစုစည်းချက်အားလုံး (၄၃) ချက်ရှိပါတယ်။ နောက်ပြီး တစ်ထိုင်တည်းဆုံးဖြတ်လို့မရဘဲ ဆက်လက်ဆွေးနွေးရမယ့်အချက်(၇) ချက်လည်းရှိပါတယ်။ ဒီအချက်ကိုလည်း ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးနေတဲ့ အချိန်မှာလည်း သဘောတူ စုစည်းထားပြီးသား (၄၃)ချက်၊ ဆက်လက်ဆွေးနွေးမယ့် အချက်(၇)ချက်အပြင် နိုင်ငံရေးပါတီများအစုအဖွဲ့က ပြင်ဆင်သင့်တယ်လို့ ထပ်မံပြီး အဆိုပြုထားတဲ့ အချက်တွေလည်းရှိပါသေးတယ်။ ဒီအချက်တွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သဘောတူညီမှုရရှိပြီးသွားရင်တော့ သဘောထားစုစည်းချက်များအဖြစ်နဲ့ နှစ်ဖက်အပြန်အလှန်လက်မှတ်ရေးထိုးဖို့ အစီအစဉ်လည်းရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးနည်းလမ်းနဲ့ ကြိုးပမ်းနေတာဟာ ရုတ်တရက်တော့ သိသာမြင်သာမဖြစ်ပေမယ့် ကျွန်တော်တို့အားလုံး ပွင့်လင်းရင်းနှီးစွာနဲ့ အကျေအလည် ဆွေးနွေးညှိနှိုင်းနေကြပါတယ်။ ဒီဆွေးနွေးမှုတွေကတစ်ဆင့် တိုးတက်မှုတွေလည်း ရရှိထားပါတယ်။ ဒီတိုးတက်မှုတွေကို ပြည်သူတွေသိရှိစေဖို့ အသိပေးခြင်းဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီမှာ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံရေးပါတီတွေ အားမကောင်းဘဲနဲ့ ပါတီစုံဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရေးပါတီတွေ အားကောင်းဖို့ ပြည်သူတွေကိုယ်တိုင်ကလည်း နိုင်ငံရေးပါတီတွေအပေါ်မှာ ယုံကြည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိစေလိုပါတယ်။

**ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ၊ ရခိုင်ဦးဆောင်ပါတီ)**

ဒီနေ့ဆွေးနွေးပွဲမှာတော့ အရင်ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေမှာ သဘောထားမတူညီရသေးတဲ့

*စာမျက်နှာ ၅ သို့*

# ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်




**နေပြည်တော် ဇန်နဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၆) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သင်တန်းကြီးကြပ်ဆရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းများအားလုံး တည်ဆဲဥပဒေများ ပိုမိုသိရှိနားလည်ပြီး တိတိကျကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များမှ ကင်းဝေးစေမည်ဖြစ်သကဲ့သို့ မိမိတို့လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းပြီးမြောက် အောင်မြင်သွားကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ရရှိသော ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို စဉ်ဆက်မပြတ်လေ့လာပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်များရှိ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ အချင်းချင်း ဆက်လက်မျှဝေပေးရန် တိုက်တွန်းပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။**(ဓာတ်ပုံ)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာ ဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းများကို ကျင်းပပေးလျက်ရှိရာ အမှတ်စဉ် (၁) သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၅ ဦးနှင့် အမှတ်စဉ်(၂) သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၀ ကို ဥပဒေအသိပညာများ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဇီးဖြူကုန်းကျေးရွာရှိ လူဦးရေ ၃၈၁၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၇၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ဇီးဖြူကုန်းကျေးရွာ ကုန်ထုတ်လမ်းတံတား ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ကျေးရွာနေ ပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကုန်ထုတ်လမ်းတံတား ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက် တောင်သူများနှင့်လည်းကောင်း၊ ကန်ဘဲ့ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ရွှေကန်ဘဲ့ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက် တောင်သူများနှင့်လည်းကောင်း**(ယာပုံ)** သီးခြားစီတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အသင်းသား တောင်သူများအနေဖြင့် ရာသီအလိုက် မိမိတို့ဒေသနှင့် ကိုက်ညီသောသီးနှံများ စိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ သမဝါယမအသင်းမှ စိုက်ပျိုးထားသောဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသော နေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူ ကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်း ဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်း အမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

အချက်တွေကို ပြန်လည်ညှိနှိုင်း ဆွေးနွေးကြပါတယ်။ နောက်ပြီး သဘောတူညီမှုရရှိထားတဲ့အချက်တွေကိုလည်း လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ သဘောတူညီထားတဲ့ အချက်တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူတွေ၊ ဥပဒေပြုရေးတွေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသဖြင့် အားလုံး(၄၃)ချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်ဖို့ နိုင်ငံရေးအပေးအယူရှိဖို့လိုပါတယ်။ နိုင်ငံရေး သဘောထားကွဲလွဲမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ စစ်ပွဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို အများကြီးကြုံတွေ့နေရပါပြီ။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် အခြေခံဥပဒေရဲ့ တချို့ပုဒ်မတွေကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေပြီး နိုင်ငံရေးပြေလည်မှုရရှိအောင် လိုအပ်နေတဲ့ ကာလဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေကြပါတယ်။

**ဒေါက်တာအောင်မြတ်ဦး (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

မနေ့က ဆွေးနွေးပွဲမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေ့မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဆက်လက်ဆွေးနွေးပြီး လက်ရှိနိုင်ငံနဲ့ ပြည်သူတွေရင်ဆိုင်နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဘယ်လိုကျော်လွှားသွားမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာဖွေဖို့ ဆက်လက်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဖြေရှင်းဖို့ နည်းလမ်းတွေရရှိမယ်လို့လည်း ကျွန်တော်တို့မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ ခေတ်ကာလ လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရတာရှိသလို ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ အနာဂတ်မှာ ဆောင်ရွက်မယ့် လျာထားချက်တွေအပေါ်မှာ အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တာတွေလုပ်ရပါမယ်။ ဒီလိုပြင်ဆင်တာတွေလုပ်ပြီး လိုအပ်တာတွေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုသဘောထားညှိနှိုင်းလို့ရတဲ့အချက်တွေကို လွှတ်တော်ပေါ်ပေါက်လာတဲ့အခါ လွှတ်တော်မှာတင်ပြပြီး အတည်ပြုပါမယ်။ ကျွန်တော်တို့ ဆွေးနွေးလာတဲ့ အနေအထားအရ သဘောထားညှိနှိုင်းရရှိတဲ့ အချက် (၄၃) ချက်ရှိပါတယ်။ ဒီအချက်တွေကို သဘောထားညှိနှိုင်းချက်အနေနဲ့ လက်မှတ်ရေးထိုးသွားဖို့ စီစဉ်ထားပါတယ်။

**ဦးခင်မောင်သိန်း(ဗဟိုအလုပ်အမှုဆောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့တွေနဲ့ ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့ပါတီအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေလုပ်ခြင်းအားဖြင့် နိုင်ငံအတွက်အကျိုးရှိတယ်လို့ မြင်မိပါတယ်။ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းတာဟာ ပြည်သူတွေအကျိုးအတွက် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးစီးပွားနဲ့ နိုင်ငံအတွက် လိုအပ်တာတွေကို ဝိုင်းဝန်းဆွေးနွေးပြီး ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် ပွင့်လင်းပြီး နားလည်မှုသဘောတရားတွေနဲ့ နိုင်ငံအတွက် ဆွေးနွေးခွင့်ရရှိခဲ့တဲ့အတွက် သဘောတူညီချက်(၄၃)ချက်ရရှိပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းနေတဲ့ အချက်တွေလည်း ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ အနေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် တတ်နိုင်သမျှ အကျိုးရှိအောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ဆောင်ရွက်နေကြပါတယ်။ နောက်ပြီး တစ်ယောက်ကို တစ်ယောက် မာန်မာနတွေ၊ အတ္တစွဲတွေ ရှောင်ရှားပြီး ညီရင်းအစ်ကိုတွေလို သဘောထားပြီးတော့ ညှိနှိုင်းဆောင်ရွက် သွားမယ်ဆိုရင် အောင်မြင်မှုတွေ ရရှိမယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - အေးသန်း**

❑ *ရှေ့ဖုံးမှ*

လူစီးရထားကို ဇန်နဝါရီ ၃၁ ရက်(သောကြာနေ့) တွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန် ရွှေညောင်-သာစည်လူစီးရထားကို ဖေဖော်ဝါရီ ၃ ရက်(တနင်္လာနေ့) တွင်လည်းကောင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အပတ်စဉ်အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားကို သောကြာနှင့်အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားကို တနင်္လာနေ့များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ် (၁၄၁) အဆန်ရထားသည် သာစည်မှ နံနက် ၆ နာရီ ထွက်ခွာ၍ ရွှေညောင်သို့ ညနေ ၅ နာရီတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် ရွှေညောင်မှ နံနက် ၇ နာရီ ထွက်ခွာ၍ သာစည်သို့ ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ် အစအဆုံးအတွက် လက်မှတ်ခမှာ ရိုးရိုးတန်းငွေကျပ်၉၀၀၀နှုန်းနှင့်အထက်တန်းလက်မှတ်ခမှာ ငွေကျပ်၁၂၀၀၀နှုန်းဖြစ်သည်။

ထို့ပြင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိရေမြေတောတောင် သဘာဝရှုခင်းများ၊ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ အောင်ပန်း-ကလော (အသွား-အပြန်) ခရီးစဉ်နှင့် ကလော-မြင်းဒိုက်(အသွား-အပြန်) ခရီးစဉ်များကို ခရီးသည် ၁၅ ဦး လိုက်ပါစီးနင်းနိုင်သည့် RGC ရထားစင်းလုံးငှား ခရီးစဉ်အဖြစ် ပုဂ္ဂလိက ခရီးသွားလာရေးအဖွဲ့များ၊ မိသားစုများ၊ လေ့လာရေးအဖွဲ့များအနေဖြင့် ခရီးစဉ်တစ်ခုအတွက် (အသွား-အပြန်) ကျပ် ၁၂၀၀၀၀ (ကျပ်တစ်သိန်းနှစ်သောင်းတိတိ) နှုန်းဖြင့် စိတ်ပါဝင်စားသည့် မည်သူမဆို ဇန်နဝါရီ ၂၄ ရက်မှစတင်၍ ငှားရမ်းစီးနင်းနိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို ကြိုးပမ်းကြပါစို့

**ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေကိုရှုမြင်လျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် အချို့ဒေသများတွင် ဒေသခံပြည်သူများ လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာ ကြုံတွေ့နေသည်ကို တွေ့မြင်နိုင်ပါသည်။**

ကိုရင်မောင်

ဒေသခံတိုင်းရင်းသား ပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရသည့် အဖြစ်ဆိုးများသည် တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်းဖြစ်၍ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး၏ ဆင်းရဲဒုက္ခပင်ဖြစ်သည်။ မိသားစုအတွင်း ညီအစ်ကိုမောင်နှမတစ်ဦးဦး ဆင်းရဲဒုက္ခရောက်သည့်အခါ အခြားညီအစ်ကို မောင်နှမများလည်း စိတ်ဆင်းရဲ၊ စိတ်မကောင်းဖြစ်ကြရသကဲ့သို့ သောကအပူမီးကူးစက်ခံရပါသည်။

## စိတ်မကောင်းဖြစ်ရ

ပြည်တွင်း၊ ပြည်ပ ပယောဂအမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ပြည်ပမှ အိမ်ကြက်ချင်း အိုးမည်းသုတ်သည့် ယုတ်မာပက်စက်သည့် အကြံအစည်များကြောင့်လည်းကောင်း နှစ်ဖက်စလုံး ထိခိုက်ကြေပြုန်းနေရသည့် အဖြစ်များမှာ မိမိတို့တိုင်းရင်းသားအချင်းချင်း ဖြစ်နေသည်ဆိုသည့် အချက်ကို သတိချပ်ဖို့လိုပါသည်။ လက်ရှိကာလအတွင်း၌ပင် အယူအဆ၊ ခံယူချက်လွဲမှားမှု၊ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် မြန်မာနိုင်ငံသား အချင်းချင်း တိုက်ခိုက်သတ်ဖြတ် ဖျက်ဆီးခဲ့ကြသဖြင့် သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရ၊ ဒုက္ခဆင်းရဲခံခဲ့ကြရသည့် မြန်မာနိုင်ငံသားများမှာ ရာထောင်သောင်းချီရှိနေပြီ။ မိမိတို့နိုင်ငံသားအချင်းချင်းဖြစ်၍ မိသားစုဝင် နိုင်ငံသားများအားလုံးအနေဖြင့်လည်း စိတ်မကောင်း ဖြစ်ကြရသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးအချိန်မှစ၍ မျက်မှောက်ကာလ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း၌ ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခအမျိုးမျိုးတို့ကြောင့် သေဆုံး၊ ဒဏ်ရာရရှိသည့် ပြည်သူများအရေအတွက် မည်မျှရှိမည်ကို ခန့်မှန်းကြည့်နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသက်ခန္ဓာများ အချည်းနှီးဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ဆုံးရှုံးသွားခဲ့ရသော မိသားစုများ၏ ဘဝများ၊ လူသားအရင်းအမြစ်များ အမြောက်အမြားဆုံးရှုံးခဲ့ရခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ ပြည်သူအားလုံးအတွက် ဝမ်းနည်းကြေကွဲစရာပင်ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ကြဖို့၊ တော်လောက်ကြဖို့ အချိန်ကျရောက်နေပြီဟု ဆိုချင်ပါသည်။

## ညီညွတ်မှုတည်ဆောက်

ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ဆင်ခြင်တွေးတောမှုကင်းမဲ့ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို ဖျက်ဆီးနေကြသည့် လုပ်ရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနေသူများတွင် အများစုမှာ အသက် ၁၈ နှစ်ဝန်းကျင်မှ အသက် ၃၀ ဝန်းကျင်ရှိသည့် မျိုးဆက်သစ် လူငယ်လူရွယ်များဖြစ်နေသည်ကို ပြည်သူအားလုံး သတိချပ်စေချင်ပါသည်။ ထို့ကြောင့် သွေးထိုးမြှောက်ပင့်ပေးမှု၊ စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်မှုများကြောင့် အချင်းချင်းကျေကွဲပျက်စီးအောင် ပြုလုပ်မှုများကို ဆင်ခြင်ကြရန်လိုပါသည်။ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးအချင်းချင်း စာနာမှု၊ ရိုင်းပင်းမှု၊ မေတ္တာတရားထားမှုများနှင့် လူငယ်လူရွယ်များ အချည်းနှီးပျက်စီးဆုံးရှုံးမှု မဖြစ်စေဘဲ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်အောင် ပျိုးထောင်ပေးကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးအဖြစ် လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားရန် တိုက်တွန်းအပ်ပါသည်။

မကြာသေးမီကာလအတွင်းက သောင်းကျန်းသူအဖွဲ့အမျိုးမျိုးတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရသည်။ ပြည်နယ်နှင့်ဒေသများအတွင်း နေထိုင်သည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသများတွင် နေထိုင်ကြသူများကပင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့်

> **❝ မကြာသေးမီကာလအတွင်းက သောင်းကျန်းသူအဖွဲ့အမျိုးမျိုးတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရသည်။ ပြည်နယ်နှင့်ဒေသများအတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့်လုပ်ရပ်ဖြစ်သည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသများတွင် နေထိုင်ကြသူများကပင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်မှုများကို အချိန်မီထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာလည်း ဒေသခံများပင်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသားအဖွဲ့များက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသော အတွေးအခေါ် အယူအဆဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ်မွေးဖွားဒေသ၊ ကိုယ့်တိုင်းရင်းသားပြည်သူများအပေါ် သစ္စာဖောက်ဖျက်ခြင်းပင်ဖြစ် ❞**

တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို အချိန်မီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာလည်း ဒေသခံများပင်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံ တိုင်းရင်းသားအဖွဲ့များက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ် ကင်းမဲ့ပြီး လွဲမှားသော အတွေးအခေါ် အယူအဆဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ်မွေးဖွားဒေသ၊ ကိုယ့်တိုင်းရင်းသားပြည်သူများအပေါ် သစ္စာဖောက်ဖျက်ခြင်းပင်ဖြစ်သည်။

## ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ

အေးချမ်းသာယာဝပြောသည့် နိုင်ငံတည်ဆောက်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသော အချိန်ကာလဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည်။ နှစ်ပေါင်းရှည်ကြာလာခဲ့ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံသားများ အသက်ခန္ဓာများ အမြောက်အမြား ဆုံးရှုံးခဲ့ရပြီးဖြစ်သလို နိုင်ငံတော်ကြီးသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်ပင် အတော်ပင်နောက်ကျ ကျန်ရစ်နေပြီကို သတိမူကြဖို့ လိုမည်ဖြစ်သည်။ ဆက်လက်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဆက်ဖြစ်နေမည်ဆိုလျှင် တိုင်းရင်းသားပြည်သူများပင် ထို့ထက်မက ဆုံးရှုံးပျက်စီးမှုများ များလာမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးမှု ယခုထက်မက နောက်ကျလာမည်ဖြစ်သည်။

အဓိကမှာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးဖြစ်သည်။ နိုင်ငံရေးအရ ဆွေးနွေးခြင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခြင်းသည် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ခြေလှမ်းများပင်ဖြစ်သည်။ နိုင်ငံရေးအရ၊ ဝါဒရေးအရ၊ တိုင်းရင်းသားအရေးအရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများ လျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုပါသည်။ ငြိမ်းချမ်းရေးကို ရှေးရှုရာတွင် နိုင်ငံရေးဆွေးနွေးသည့် နည်းလမ်းတစ်ခုတည်းသာ မဟုတ်ပါ။ ဒီမိုကရေစီနည်းလမ်းဖြင့်လည်း အဖြေရှာနိုင်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရာရောက်မည်ဖြစ်သည်။

## ပဋိပက္ခသံသရာလည်

နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများရပ်တန့်ပြီး မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ရိုးသားမှုရှိရန်လိုသည်။ သို့သော် အရေးမသာတော့မှ နိုင်ငံရေးနည်းလမ်းကိုဆိုလိုက်၊ အခြေအနေအလှည့်အပြောင်း အကွက်ချောင်းပြီး နိုင်ငံရေးနည်းလမ်းဆိုလိုက်ဖြင့် မရိုးမသား ပြုလုပ်နေမည်ဆိုလျှင် ငြိမ်းချမ်းရေးခရီးနှင့် မနီးဘဲ ဝေးသထက်ဝေးပြီး ပဋိပက္ခသံသရာတွင် လည်နေမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများလည်း ထိခိုက်သထက် ထိခိုက်လာမည်ဖြစ်သည်။ တိုင်းပြည်လည်း ကျဆင်းသထက် ကျဆင်းလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေလျှောက်လှမ်းနေသည်ကို တွေ့မြင်နေရသည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်နေသည်မှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအရေးအတွက် ဖြစ်သည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်ချက်မှာ ပြည်သူအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်ရေးဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအကျိုးကို ပြည်သူများကပင် အသိဉာဏ်ပညာဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဖန်တီးပေးလျက်ရှိသည်။

## ထိရောက်စွာဆောင်ရွက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသောကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ချမှတ်နိုင်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများကလည်း အတူလက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ

## မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းများနှင့် သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေစာရင်းအချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ကာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအခါပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီး၍ ရှေ့ပြေးလူဦးရေစာရင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းများနှင့် သန်းခေါင်စာရင်းမှ ရရှိသည့် လူဦးရေစာရင်းအချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ကာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းပြုစုရာတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိပြီး မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင်မပါရှိမှသာ ပြည့်စုံမှန်ကန်သည့် မဲစာရင်းဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အတည်ပြုလူဦးရေစာရင်းများပေးပို့ရာတွင် အချက်အလက်ကွဲလွဲမှုနှင့် မပြည့်စုံမှု၊ အချက်အလက်ထပ်နေမှုနှင့် မပါရှိမှုများ မဖြစ်စေရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျစိစစ်အတည်ပြု၍ သတ်မှတ်ရက်အရောက်ပေးပို့ကြရန် လိုအပ်ကြောင်း။

ဒေသအချို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းသွားလာနေထိုင်မှုများ ရှိနေကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အခြားဒေသအချို့မှ ယာယီရွှေ့ပြောင်းနေထိုင်မှုများရှိနေသည့်အတွက် ယင်းတို့၏စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေး၊ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်အဆင့် (၃) လျှာထားသတ်မှတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများအား စာရင်းကောက်ယူ၍ စာရင်းပြုစုတင်ပြဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မင်္ဂလာဒုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်ပြည့်မီသည့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ရရှိပြီးသည့် ကျောင်းသား ကျောင်းသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာ၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား လုပ်ငန်းစဉ်အဆင့်အလိုက် ငါးဦးကော်မတီဖြင့်စိစစ်၍ ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ရရှိပြီးသူများအား e–ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် မင်္ဂလာဒုံမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၉၁ ဦးနှင့် တောတိုက်ရပ်ကွက်မှ ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးပြီး e–ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

---

*စာမျက်နှာ ၆ မှ*

ပြည်ပမှ သွေးထိုးလှုံ့ဆော်မြှောက်ပင့်အားပေးမှုများ၊ ခံယူချက်၊ ယုံကြည်ချက်၊ အသိအမြင်လွဲမှားမှုများဖြင့် ပြည်ထောင်စုကြီးနှင့် ပြည်သူများအကျိုးကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်လမ်းစဉ်ဖြင့် အကြမ်းဖက်လုပ်ရပ်များကိုသာ ဇွတ်တိုးလုပ်ကိုင်နေပါလျှင် မြန်မာပြည်ဖွား ပြည်သူများအချင်းချင်း ကြေပြုန်းပျက်စီးခြင်းသို့ရောက်ကြပြီး မိမိတို့ဒေသ၊ မိမိတို့ဒေသခံပြည်သူများ၏ အနာဂတ်ပျောက်နေမည်ကို သတိပြုရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည့်နယ်တစ်ခု၊ ဒေသတစ်ခုဖြစ်စေရန် ပြည်နယ်အတွင်း၊ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်သည်။ နိုင်ငံ၏အင်အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၊ ဒေသများ၏ အင်အားသည်လည်း ပြည်နယ်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအင်အားများပင်ဖြစ်သည်။

### ညီညွတ်သောအင်အား

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် စည်းလုံးညီညွတ်မှုကို အခိုင်အမာ သက်သေထူပြနိုင်ခဲ့သော ပင်လုံစာချုပ်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားများကို အထောက်အပံ့ပြု၍ ပေါ်ထွက်လာသောရလဒ်ဖြစ်သည်။ မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးများ၊ ဘိုးဘေးဘီဘင်များ အခိုင်အမာစိုက်ထူခဲ့သော စည်းလုံးညီညွတ်မှု အဖိုးတန်အမွေအနှစ်ကို မပျက်စီးအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ မျက်မှောက်ကာလရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ တာဝန်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်။

> **❝ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပြီး မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကို အချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ရိုးသားမှုရှိရန်လိုသည်။ သို့သော် အရေးမသာတော့မှ နိုင်ငံရေးနည်းလမ်းကိုဆိုလိုက်၊ အခြေအနေအလှည့်အပြောင်း အကွက်ချောင်းပြီး နိုင်ငံရေးနည်းလမ်းဆိုလိုက်ဖြင့် မရိုးမသား ပြုလုပ်နေမည်ဆိုလျှင် ငြိမ်းချမ်းရေးခရီးနှင့် မနီးဘဲ ဝေးသထက်ဝေးပြီး ပဋိပက္ခသံသရာတွင် လည်နေမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများလည်း ထိခိုက်သထက် ထိခိုက်လာမည်ဖြစ်သည်။ တိုင်းပြည်လည်း ကျဆင်းသထက် ကျဆင်းလာမည်ဖြစ် ❞**

### ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံ၏ အနာဂတ်မျိုးဆက်များကို ပျက်စီးပြုန်းတီးမှုမဖြစ်စေဘဲ တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ကာကွယ်စောင့်ရှောက်ပျိုးထောင်ကြရမည် ဖြစ်သည်။ ပြည်နယ်များ၊ ဒေသများရှိ တိုင်းရင်းသားပြည်သူများလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပြီး ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာဝပြော၍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြပါရန် ဆန္ဒပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုစီမံချက်အား အသိပေးခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုစီမံချက်အသိပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနအကြီးအမှူးများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားမှုဦးစီးဌာနမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ပညာရှင်များ တက်ရောက်ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခံတွင်းကျန်းမာနေစေရန် ဆောင်ရွက်ရမည့် အချက်အလက်များကို သတိထားပြီး ကျန်းမာစွာနေထိုင်မှုဘဝပုံစံဖြင့် နေထိုင်နိုင်ရန်၊ ပြည်သူများသက်တမ်းစေ့နေနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား သွားတု (အံကပ်)များ တပ်ဆင်ပေးခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ခေတ်မီနည်းပညာစနစ်သုံး သွားဘက်ဆိုင်ရာဆေးပညာ (Digital Dentistry) ဖြင့် ကုသမှုများကို ပြည်သူများ လက်လှမ်းမီစေရန် ဘွဲ့လွန်သင်တန်းသားများ၊ သွားနှင့်ခံတွင်း ဆရာဝန်များ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာ အကူသူနာပြု၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်(သွားတု)တို့ တိုးချဲ့မွေးထုတ်ပြီး ပြည်သူများအား သွားနှင့်ခံတွင်းရောဂါ ကုသပေးခြင်း ဝန်ဆောင်မှုတို့ကို သင်ကြားရေးဆေးရုံများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပိုမိုဆောင်ရွက်ကြရန်လိုကြောင်း။

ကျေးလက်ဒေသများအထိ ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်မီသွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများကိုထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခံတွင်းကင်ဆာရောဂါ ဖြစ်ပွားမှုများ လျော့နည်းသွားစေရန် ကြိုတင်စစ်ဆေးခြင်းနှင့် ရောဂါကို စောစီးစွာ စစ်ဆေးတွေ့ရှိနိုင်ရေးသည် အလွန်ပင် အရေးပါကြောင်း၊ လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို (၂၀၃၀)တွင် အပြီးသတ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ပါမောက္ခ ဒေါက်တာ မိုးသီတာထွေးက မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (၂၀၂၄-၂၀၃၀)ပါ အချက်အလက်များကို ရှင်းလင်းပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# “(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” (ပဉ္စမနေ့) ဆက်လက်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၄**

ကျန်းမာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏စီစဉ်မှုဖြင့် ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် ပြောင်းလဲတိုးတက်လာသည့် ဉာဏ်ရည်တုနည်းပညာ အသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာများကို ကျန်းမာရေး ပညာရှင်များ သိရှိနားလည်စေရန် ရည်ရွယ်လျက် “ အနာဂတ်၏ ကျန်းမာရေး ပညာရှင်များကို ပုံဖော်ရာတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုခြင်း” “Artificial Intelligence: Shaping the Next Generation of Health Professionals” ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။**(အပေါ်ယာပုံ)**

နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခဒေါက်တာ ဖေသက်ခင်နှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ တင်ထွန်းတို့က ဆောင်ရွက်ကြပြီး အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-မန္တလေး ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ မောင်မောင်ဦးက ဆေးပညာသင်ကြားရေးတွင် ဉာဏ်ရည်တုနည်းပညာ၏ အရေးပါမှုနှင့် သင်ယူမှု ပတ်ဝန်းကျင်တွင် ပြောင်းလဲအသုံးဝင်မှုများကို “AI in Medical Education: Transforming Learning Environments” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်-တောင်ကြီး ဆေးပညာဌာန ပါမောက္ခ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ အောင်ကျော်သူက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ အသုံးပြုခြင်းဆိုင်ရာ ကျင့်ဝတ်နှင့် စိန်ခေါ်မှုများ အကြောင်းကို “Ethics and Challenges in AI-Integrated Healthcare” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်ကာကွယ်ရေးနှင့်လူမှုရေး ဆေးပညာဌာနမှ ပါမောက္ခ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ ပပစိုးက ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍကို “Roles of AI in Medical Research” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်ရောဂါဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မျိုးထွန်းက ရောဂါရှာဖွေရေးနှင့် ကုသရေး လုပ်ငန်းစဉ်များတွင် ဉာဏ်ရည်တုနည်းပညာ၏ အသုံးဝင်မှုများ အကြောင်းကို “AI Applications in Clinical Diagnosis and Treatment” ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရှင်များက မေးခွန်းများမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်ကြရာ သဘာပတိကြီးများနှင့် ဟောပြောသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Professor Yinzi Jin က မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန် လူထုအခြေပြု ကျန်းမာရေးလုပ်သားများ၏ အလုပ်တာဝန်ခွဲဝေ ရွှေ့ပြောင်းခြင်းဆိုင်ရာ အကောင်အထည်ဖော်မှု နည်းဗျူဟာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Dr Yikai Feng က ဝင်ငွေနည်းပါးခြင်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများတွင် လူထုအခြေပြု ကျန်းမာရေး လုပ်ငန်းများကို ထောက်ပံ့ပေးရန် အကောင်အထည်ဖော်မှု နည်းဗျူဟာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ Bangabandhu Sheikh Mujib Medical University မှ Dr Fatema Shabnam က မိခင်ကျန်းမာရေး စောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဓာတ်ရောင်ခြည်ဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ရွှေက လက်ရှိကာလ မြန်မာနိုင်ငံတွင် ကင်ဆာဓာတ်ရောင်ခြည် ကုသပေးနေမှု အခြေအနေများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲသို့ တက်ရောက်သော ဆရာကြီး၊ ဆရာမကြီးများက မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် သုတေသနညီလာခံ ပိတ်ပွဲအခမ်းအနားနှင့် ဆုပေးပွဲ အခမ်းအနားများကို ဆက်လက် ကျင်းပရာ ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်က အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်ချက်များ၊ ဆုရရှိသည့်စာတမ်းများနှင့် ဆုရရှိသည့် ပိုစတာများကို ကြေညာသည်။

အကောင်းဆုံး အခြေခံ သုတေသန စာတမ်းပထမဆုကို မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ မြတ်မြတ်မိုးနှင့်အဖွဲ့၏ “အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် အမျိုးအစား (၁) မျိုးရိုးဗီဇနှင့် ပထမအဆင့် အိပ်ချ်အိုင်ဗွီ ကုသဆေး ဆေးမတိုးသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်အမျိုးအစား(၁)ရှိသော ရောဂါသည်များရှိ ဆေးယဉ်ပါးမှုအား လေ့လာခြင်း” သုတေသန စာတမ်းက လည်းကောင်း၊ အကောင်းဆုံး အသုံးချ သုတေသနစာတမ်း ပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ ဖြူဝင်းအိနှင့်အဖွဲ့၏ “ရန်ကုန်တိုင်းအတွင်းရှိ အိုက်ဆိုနိုက်ယာဇစ် ဆေးယဉ်ပါးတီဘီလူနာများတွင် ပုံမှန်နည်းများဖြင့် ရောဂါရှာဖွေ မရနိုင်သော အိုက်ဆိုနိုက်ယာဇစ်နှင့် ရိုင်ဖန်ပီစင်ဆေးနှစ်မျိုး ယဉ်ပါးတီဘီများ တွေ့ရှိခြင်း (၂၀၂၃-၂၀၂၄)” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်း ပထမဆုကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒေါက်တာ စိုးမင်းဦးနှင့်အဖွဲ့၏ “မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီး သူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအား လေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှု သုတေသနတွင်တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှုပျံ့နှံ့မှု” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးပိုစတာ ပထမဆုကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါက်တာ စိုးမင်းဦးနှင့်အဖွဲ့၏ “ဆီးချိုရောဂါအကြိုရှိသူများတွင် ပြင်းထန်သော အရေးဖစ်လေ့ကျင့်ခန်း သို့မဟုတ် ခွန်အား လေ့ကျင့်ခန်းတို့အနက် နှလုံးနှင့်ဇီဝဖြစ်စဉ် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန်အတွက် မည်သည့် လေ့ကျင့်ခန်းက ပိုကောင်းသနည်း” သုတေသနပိုစတာကလည်းကောင်း၊ လူငယ်သုတေသီဆု (အသုံးချသုတေသန)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ထက်စုလှိုင်နှင့်အဖွဲ့၏ “ကိုယ်ဝန်ဆောင် ဆီးချိုလူနာများတွင် ပရိဘိုင်အိုတစ် ဖြည့်စွက်စာတိုက်ကျွေးခြင်းဖြင့် ကိုယ်ဝန်ဆောင် ဆီးချိုလူနာများ၏ အင်ဆူလင်ခုခံအား မြင့်မားမှု ပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကို လေ့လာခြင်း”သုတေသန စာတမ်းကလည်းကောင်းရရှိခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀)မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇန်နဝါရီ ၂၁ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀) မြောက်အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀) မြောက် အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၏ မျက်နှာစုံညီအစည်းအဝေးပြုလုပ်ခဲ့ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး မဟာဗျူဟာစီမံချက်များရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ထို့ပြင် အာဆီယံစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။




အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်စဉ်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူ ကြေညာချက်၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်မူကြမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Institutional Strengthening Strategic Measures ဆိုင်ရာ စာရွက်စာတမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ cross-pillar strategic measures ဆိုင်ရာစာရွက်စာတမ်း၊ အာဆီယံအသိုက်အဝန်း ၂၀၄၅ အတွက် Communication Plan နှင့် စောင့်ကြည့်လေ့လာရေးယန္တရားများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၄၅ အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဏ္ဍိုင် (၃) ရပ်ရှိသက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှုဆိုင်ရာ ဆွေးနွေးချက်များသည် မိမိတို့အတွက်လည်း ပိုမိုရှင်းလင်းလွယ်ကူစေကြောင်း၊ အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၄၅ နှင့် ဆက်စပ်စာရွက်စာတမ်းများအား အတည်ပြုရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန် အချိန်လိုအပ်ကြောင်း၊ Cross-sectoral Strategic Measures များ အကောင်အထည်ဖော်မှု စောင့်ကြည့်ရေးအတွက် မိမိတို့အနေဖြင့် အချက်အလက်များ (data) နှင့် ညွှန်ကိန်းများ (Indicator) တို့ကို မူတည်၍ မူဝါဒများချမှတ်ရမည်ဖြစ်ကြောင်း၊ ASEAN Community Statistical System (ACSS) သည် indicator များနှင့် အချက်အလက်များအတွက် သီးသန့် sectoral body ဖြစ်သည့်အတွက် စောင့်ကြည့်လေ့လာရေးအတွက် စဉ်းစားသင့်ကြောင်း၊ ၎င်းတို့သည် ပိုမိုခက်ခဲသည့် SDGs indicator များကို ဆောင်ရွက်နေသည့်အတွက် သင့်လျော်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

လာမည့် ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ အာဆီယံမဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ အပြီးသတ်နိုင်ရေး ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှုများအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာမဏ္ဍိုင်များအကြား ကိုက်ညီမှုရှိစေရေး၊ မဟာဗျူဟာစီမံချက်များ ထပ်မနေစေရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးကိစ္စများကို ဆက်လက်ဆွေးနွေးဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဘာသာရပ်အလိုက် ယှဉ်ပြိုင်နေသည့် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း စသည့်အားကစားပစ္စည်းများကို ပေးအပ်သည်။(ဓါတ်ပုံ)



ထို့နောက် တက္ကသိုလ်ဘက်စုံသုံးခန်းမရှေ့ မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်ထားမှုကို လည်းကောင်း၊ တက္ကသိုလ်လူမှုဆန်းသစ်တီထွင်မှုအထောက်အကူပြုယူနစ် (Social Innovation Support Unit) တွင် စာသင်ချိန် ပြင်ပတက္ကသိုလ် လှုပ်ရှားမှုအစီအစဉ်ဖြင့် ခဲပန်းချီရေးဆွဲခြင်း၊ စက္ကူဖြင့် ပြုလုပ်သောလက်မှုအနုပညာများ၊ ချည်ထိုးလက်မှုပညာ လက်တွေ့ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားသော ပဲတီစိမ်း ၁၀ ဧက စိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး သုတေသနလုပ်ငန်းများ အဆင့်မြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် စိုက်ပျိုးထားသည့် သမဝါယမ ဦးစီးဌာန၏ သီးနှံစိုက်ခင်းမှ ထွက်ရှိသော New Green F1 စပ်မျိုး ဘရိုကိုလီ ပန်းစိမ်းပွင့်များကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ သန်လျင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်/မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဘုရားကုန်းကျေးရွာ အဝင်လမ်း ၃၃၈၇ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ်၌ ပဲတီစိမ်းဧက ၁၀၀ တစ်ကွင်းတစ်စပ် စံပြကွက်စိုက်ပျိုးထားရှိမှု စစ်ဆေး

**သုံးခွ ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ ကွင်းအမှတ် ၈၄၆ A၊ ဦးပိုင်အမှတ် ၇/၁ တောင်သူ ဦးမောင်မြင့်နှင့် တောင်သူ ၁၂ ဦးတို့၏ ပဲတီစိမ်း ဧက ၁၀၀ တစ်ကွင်းတစ်စပ် စံပြကွက် စိုက်ခင်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ယမန်နေ့ မွန်းလွဲ ၁ နာရီက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက တက်ရောက်လာသော တောင်သူများအား ပဲတီစိမ်းအထွက်နှုန်း ကောင်းစေရေး စိုက်ပျိုးစနစ်မှန်ကန်ရေး၊ ပိုးသတ်ဆေး ပက်ဖျန်းပုံနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးနှင့် GAPစိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးစသည်ဖြင့် ပြောကြားသည်။ သုံးခွမြို့နယ်၌ ပဲတီစိမ်း စိုက်ဧက ၁၃၉၅၇၆ ဧကရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



# စိုက်ပျိုးရေးကဏ္ဍတွင် မီးခိုးမြူငွေ့မဖြစ်ပေါ်စေရေး ဆောင်ရွက်သင့်သည့်နည်းလမ်းများ

**ဒီနေ့ခေတ်ကမ္ဘာကြီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေများလာတာနဲ့အမျှ လေထုညစ်ညမ်းမှုတွေလည်း များပြားလာပါတယ်။ လူနေထူထပ်တဲ့ မြို့ပြတွေမှာ စက်ရုံအလုပ်ရုံတွေနဲ့ မော်တော်ယာဉ်များမှ အခိုးအငွေ့များ ထွက်ရှိခြင်း၊ အမှိုက်မီးရှို့ခြင်း စတာတွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်လာတာဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာဆိုရင်လည်း တောမီးနဲ့ အခြားမီးလောင်မှုတွေကြောင့် မီးခိုးမြူငွေ့တွေဖြစ်လာပြီး လေထုညစ်ညမ်းမှုတွေ ကြုံတွေ့နေရပါတယ်။**

**ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေးဦးစီးဌာန)**

မီးခိုးမြူငွေ့တွေမှာ အလွန်သေးငယ်တဲ့ အချင်း ၂ ဒသမ ၅၊ ၁၀ တို့ထက်မပိုတဲ့ အမှုန်အမွှားများ (Particulate Matter, PM 2.5 နှင့် PM 10)၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ မြေပြင်အလွှာရှိအိုဇုန်း၊ ရေငွေ့နဲ့ လေထုကို ညစ်ညမ်းစေနိုင်တဲ့ အခြားဓာတ်ငွေ့များစွာ ရောနှောပါဝင်နေပါတယ်။ မီးခိုးမြူငွေ့တွေဟာ လေတိုက်ခတ်မှုလမ်းကြောင်းပေါ် မူတည်ပြီး တစ်နေရာမှ အခြားတစ်နေရာဆီကို အလွယ်တကူ ရွေ့လျားပျံ့နှံ့ ရောက်ရှိနိုင်ပါတယ်။ ကျေးလက်တွေမှာ ဖြစ်ပေါ်တဲ့ မီးခိုးမြူငွေ့တွေဟာ မြို့ပြတွေကို ရောက်လာနိုင်ပါတယ်။ နယ်စပ်ဒေသတွေမှာဆိုရင် မူလဖြစ်ပေါ်ရာ နိုင်ငံရဲ့ နယ်နိမိတ်ကို ကျော်လွန်ပြီး အခြားနိုင်ငံကိုလည်း ရောက်သွားနိုင်တာကြောင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်လာရပါတယ်။



တောင်ယာမီးရှို့ထားသည့် မြန်မာနိုင်ငံ တောင်စောင်းဒေသရှိ နေရာတစ်ခု။

### အသံတိတ်လူသတ်သမား

မီးခိုးမြူတွေ ဆိုးရွားစွာ ကျရောက်တဲ့အခါ ကျောင်းများ၊ ဈေးများ၊ စက်ရုံအလုပ်ရုံများ ပိတ်ရခြင်း၊ ယာဉ်သွားလာမှုများခက်ခဲခြင်း၊ လေယာဉ်ခရီးစဉ်များ နှောင့်နှေးရခြင်း စတဲ့ပြဿနာများ ကြုံတွေ့ပြီး လူမှုစီးပွားဘဝတွေ ထိခိုက်လာရပါတယ်။ မီးခိုးမြူငွေ့မှာ ပါဝင်တဲ့ PM 2.5 ဟာ လူသားတွေရဲ့ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်တဲ့အတွက် အသံတိတ်လူသတ်သမားလို့တောင်မှ တင်စားခေါ်ဝေါ်လာကြပါတယ်။ ဒါ့အပြင် မီးခိုးမြူငွေ့တွေဟာ အပင်နှင့် တိရစ္ဆာန်တွေအပေါ်မှာလည်း အလွန်အန္တရာယ်ဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင်သဘာဝဂေဟစနစ်ပျက်စီးခြင်းများနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း ဖြစ်ပေါ်စေပါတယ်။

မီးခိုးမြူငွေ့တွေဟာ မီးလောင်ကျွမ်းမှုတွေကြောင့် ဖြစ်လာတာဖြစ်တဲ့အတွက် မီးလောင်မှုတွေ မဖြစ်အောင် တားဆီးကာကွယ်ရမှာ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း စတာတွေကြောင့် သဘာဝအတိုင်း တောမီးတွေ လောင်နိုင်ပါတယ်။ တောထဲမှာ လူတွေ အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း စတာတွေ ဆောင်ရွက်ရာကနေပြီးလည်း တောမီးတွေလောင်နိုင်ပါတယ်။ တချို့နေရာတွေမှာဆိုရင် စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မီးရှို့လေ့ရှိကြပါတယ်။ ဥပမာဆိုရင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးဖို့ တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ စိုက်ပျိုးဖို့ မြေပြုပြင်တဲ့အခါ ရှေ့သီးနှံစိုက်ခင်းရိုးပြတ်များအား မီးရှို့ရှင်းလင်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ဘေးထွက်ပစ္စည်းများအား မီးရှို့ခြင်း စတာတွေဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ တောမီးလောင်ရာကတစ်ဆင့် စိုက်ခင်းတွေကို ကူးစက်လောင်ကျွမ်းနိုင်သလို စိုက်ပျိုးဖို့ မီးရှို့တာကနေပြီးတော့လည်း တောမီးအဖြစ် ကူးစက်လောင်နိုင်ပါတယ်။ ဒါ့အပြင် အခြားအကြောင်းအမျိုးမျိုးနဲ့ မီးရှို့တာတွေကြောင့်လည်း မီးခိုးမြူငွေ့တွေ ဖြစ်ပေါ်လာရပါတယ်။ ပူနွေးလင်းရာသီတွေမှာ မီးလောင်တာ၊ မီးရှို့တာတွေ အဖြစ်များတာဖြစ်လို့ မီးခိုးမြူငွေ့တွေဟာ နိုဝင်ဘာလမှာ စတင်ဖြစ်ပေါ်လေ့ရှိပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတွေမှာ အများဆုံးဖြစ်ပွားလေ့ရှိပါတယ်။

မြန်မာနိုင်ငံ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီး အများစုက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ပါတယ်။ တောင်ကုန်း၊ တောင်တန်းဒေသတွေမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေဟာ ဒေသရဲ့ မြေမျက်နှာသွင်ပြင်ပေါ်မူတည်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးအတွက်ကြောင့်သော်လည်းကောင်း၊ ဗဟုသုတနည်းပါးမှုကြောင့်သော်လည်းကောင်း ရွှေ့ပြောင်းတောင်ယာစနစ်ကို ရှေးယခင်ကတည်းက ကျင့်သုံးစိုက်ပျိုးခဲ့ကြပါတယ်။ ဒီလိုဒေသတွေမှာ တောင်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် သစ်တောများခုတ်ခြင်း၊ ချုံရှင်းခြင်း၊ မီးရှို့ခြင်းလုပ်ငန်းများကို ရိုးရာဓလေ့အတိုင်း ဆောင်ရွက်လေ့ရှိပါတယ်။

မြန်မာနိုင်ငံမှာ သီးနှံစိုက်ဧရိယာ ဧက ၁၇ သန်းခန့်ရှိပြီး စပါးကို လက်ဖြင့်ရိတ်သည်ဖြစ်စေ စက်ဖြင့်ရိတ်သည်ဖြစ်စေ စိုက်ခင်းထဲမှာ ကောက်ရိုးပြတ်များ အနည်းနဲ့အများ အမြဲကျန်ခဲ့လေ့ရှိပါတယ်။ တောင်သူတွေအနေနဲ့ အလုပ်သမားရှားပါးလာခြင်း၊ နောက်သီးနှံအချိန်မီစိုက်ပျိုးလိုခြင်း၊ အချို့ဒေသတွေမှာ စိုက်ခင်းတွေဟာ ရွာနဲ့ဝေးလွန်းတဲ့အတွက် သွားလာရန်ခက်ခဲခြင်း၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်ခြင်း၊ ပိုးမွှားရောဂါနှင့် ပေါင်းပြဿနာများဖြေရှင်းလိုခြင်း စတဲ့အကြောင်းအမျိုးမျိုးကြောင့် စပါးခြွေလှေ့ပြီး ကျန်နေတဲ့ ကောက်ရိုးတွေနဲ့ စိုက်ခင်းထဲမှာ ကျန်နေတဲ့ရိုးပြတ်တွေကို မီးရှို့ပြီး ရှင်းလင်းဖယ်ရှားလေ့ရှိပါတယ်။ စပါးခင်းတွေသာမက အခြားသီးနှံစိုက်ခင်းရိုးပြတ်များ၊ ပြောင်းရိုးများ၊ ကြံရွက်ခြောက်များ စတဲ့သီးနှံအကြွင်းအကျန်များ၊ လယ်ယာမြေနှင့် ဥယျာဉ်ခြံထွက်အမှိုက်များကို မီးရှို့ပစ်ခြင်းအားဖြင့် စရိတ်ကုန်၊ အချိန်ကုန်သက်သာတယ်လို့ မှတ်ယူပြီး တောင်သူအများစုက အလွယ်တကူ မီးရှို့ကြပါတယ်။

### မြေဆီလွှာကျန်းမာရေးကို ထိခိုက်

မီးရှို့ရှင်းလင်းမှုကြောင့် ရွှေ့ပြောင်းတောင်ယာစိုက်ခင်းတွေမှာ ပထမဆုံးစိုက်ပျိုးတဲ့နှစ်မှာတော့ ပိုးမွှားရောဂါနဲ့ ပေါင်းပြဿနာများ ကင်းဝေးလေ့ရှိတတ်ပေမယ့် နောင်နှစ်တွေမှာ မြေဆီဩဇာ အာဟာရဓာတ်များခန်းခြောက်ပြီး မြေဆီလွှာကျန်းမာရေးကို ထိခိုက်လာစေပါတယ်။ သီးနှံတွေ စိုက်ပျိုးရာမှာ စိုက်ပျိုးတဲ့ မြေဆီလွှာကောင်းမွန်ထက်သန်ရေးဟာ အလွန်အရေးပါပါတယ်။ မြေဆီလွှာရဲ့ ရုပ်ဂုဏ်သတ္တိနဲ့ ဓာတ်ဂုဏ်သတ္တိကို ကောင်းမွန်စေဖို့ အော်ဂဲနစ်ပစ္စည်းများ ပါရှိဖို့လိုသလို ဇီဝဂုဏ်သတ္တိကောင်းစေဖို့ သက်ရှိအဏုဇီဝများ ပေါကြွယ်ဝဖို့လိုပါတယ်။ အော်ဂဲနစ်ပစ္စည်းတွေဟာ အပင်အတွက် အာဟာရဓာတ်ထောက်ပံ့ပေးနိုင်ရုံသာမက မြေဆီလွှာဖွဲ့စည်းတည်ဆောက်မှု ကောင်းမွန်ရန်နှင့် ရေထိန်းစွမ်းအားကောင်းစေရန်အတွက်လည်း အထူးအရေးကြီးတဲ့ ပစ္စည်းဖြစ်ပါတယ်။ မီးရှို့ခြင်းကြောင့် အော်ဂဲနစ်ပစ္စည်းများဆုံးရှုံးခြင်း၊ မြေတွင်းရှိ သက်ရှိအဏုဇီဝများ သေဆုံးခြင်း၊ မြေအစိုဓာတ် ဆုတ်ယုတ်သွားခြင်း၊ မြေကျပ်ခြင်း၊ မြေကြီးအတွင်းသို့ ရေစိမ့်ဝင်မှုနည်းသွားခြင်း၊ မြေချဉ်ငန်ကိန်း မျှခြေပျက်သွားခြင်း၊ မြေဆီလွှာတိုက်စားမှု ဖြစ်ပေါ်စေခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ပြီး မြေဆီလွှာအာဟာရဓာတ် ပျက်သုဉ်းခြင်းများ ဖြစ်လာမှာဖြစ်ပါတယ်။

စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါ နိုင်ငံရဲ့အကျိုးစီးပွား တိုးတက်စေဖို့အတွက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့လိုသလို အခြားတစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေဖို့အတွက် ဟန်ချက်ညီညီ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

### စိုက်ခင်းများမီးရှို့ခြင်းကို မပြုလုပ်ဖို့လို

ယခုအခါမှာဆိုရင် ကမ္ဘာ့နိုင်ငံအများစုမှာ သီးနှံစိုက်ခင်းများ မီးရှို့မှုလျှော့ချရေးကို နည်းလမ်းပေါင်းစုံသုံးပြီး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံဒေသတွင်းနိုင်ငံများအနေနဲ့ ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံမဟာဗျူဟာ (ASEAN Carbon Neutrality Strategy) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီးတော့ “သီးနှံမီးရှို့မှုလျှော့ချရေးအတွက် အာဆီယံလမ်းညွှန်ချက်များ (ASEAN Guidelines for Crop Burning Reduction)”ကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ စိုက်ခင်းတွေမှာ မီးရှို့တာတွေ လျှော့ကျစေဖို့ ရည်ရွယ်ပြီး ဈေးကွက်ကိုလည်း ထိန်းချုပ်လာတာမျိုး လုပ်လာပါတယ်။ မီးရှို့ထားတဲ့စိုက်ခင်းမှ လယ်ယာထွက်ကုန်များ ဥပမာ– ပြောင်းသီးနှံကို ထိုင်းနိုင်ငံမှ ဝယ်ယူမှာ မဟုတ်တဲ့အတွက် တောင်သူလယ်သမားတွေအနေနဲ့ ဘယ်လိုအကြောင်းကြောင့်မှ စိုက်ခင်းများ မီးရှို့ခြင်းကို မပြုလုပ်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခြားကမ္ဘာ့နိုင်ငံများနည်းတူ လယ်ယာကဏ္ဍမှာ မီးရှို့ခြင်းအလေ့အထများ ပပျောက်အောင် ဆောင်ရွက်ရမှာဖြစ်သလို မိမိနိုင်ငံအနေအထားအရ တောင်သူလယ်သမားများ အကျိုးစီးပွားထိခိုက်မှု မရှိစေဖို့အတွက် မီးရှို့ခြင်းပြဿနာကို ဖြေရှင်းပေးနိုင်မယ့် အကျိုးရှိထိရောက်တဲ့ အခြားနည်းလမ်းများကို သုတေသနများပြုလုပ်ပြီး တီထွင်ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာတာနဲ့အမျှ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများ၊ သီးနှံအကြွင်းအကျန်များ တိုးတက်များပြားလာတာကြောင့် ဒီပစ္စည်းတွေကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ မူဝါဒများ ချမှတ်ဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ သီးနှံစိုက်ခင်းအကြွင်းအကျန်များ မီးရှို့ခြင်းကို ရှောင်လွှဲနိုင်မယ့် ဘေးကင်းပြီး ရေရှည်တည်တံ့မှုရှိတဲ့ နည်းလမ်းများ ဥပမာ– သီးနှံစိုက်ခင်းအကြွင်းအကျန်များ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ သဘာဝမြေဩဇာများထုတ်လုပ်ခြင်း အစရှိတဲ့ အခြားရွေးချယ်စရာနည်းလမ်း များ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အားပေးမြှင့်တင်ပေးရပါမယ်။

*စာမျက်နှာ ၁၁ သို့*

**❖ တောင်သူတွေအနေနဲ့ နောက်သီးနှံစိုက်ပျိုးဖို့ မြေပြုပြင်တဲ့အခါ ရှေ့သီးနှံစိုက်ခင်းရိုးပြတ်တွေကို ယူရီးယားအသုံးပြုပြီး ဆွေးမြည့်မှုမြန်စေဖို့ ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့မှ ထယ်ထိုး၊ ထွန်မွှေပြီး စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းသင့်ပါတယ်။ သီးနှံအကြွင်းအကျန်တွေကို မြေဆွေးပုံများ၊ အမှိုက်ကျင်းများ၊ မြေဆွေးကျင်းတွေ ပြုလုပ်ပြီးတော့ စိုက်ခင်းအတွင်း ပြန်ထည့်ခြင်း၊ မြေဖုံးပစ္စည်းများအဖြစ် အသုံးပြုပြီး စိုက်ခင်းအတွင်း ပြန်ထည့်ခြင်း၊ မှိုစိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုခြင်း၊ ဖရဲ၊ သခွား စတဲ့သီးနှံတွေ စိုက်တဲ့အခါ ပလတ်စတစ်တွေနဲ့ ဖုံးအုပ်မယ့်အစား သီးနှံအကြွင်းအကျန်တွေ အသုံးပြုဖုံးအုပ်ပေးခြင်း အစရှိတဲ့ စိုက်ပျိုးရေးအလေ့အထကောင်းများကို ကျင့်သုံးဆောင်ရွက်သင့်**

## နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများနှင့် စာချုပ်ချုပ်ဆို

**ထန်းတပင် ဇန်နဝါရီ ၂၄**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့်သမဝါယမအသင်းသား တောင်သူများနှင့် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကို၊ ရွှေဥက္ကံသမဝါယမ အသင်းလီမိတက်မှ ဒေါ်မေဇင်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်က သမဝါယမ အသင်းသား တောင်သူများနှင့် ရွှေဥက္ကံသမဝါယမ အသင်းလီမိတက်တို့ပူးပေါင်းကာ နွေစပါးစီမံချက်ကို အောင်မြင်အောင် အပြည့်အဝ ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်နှင့်တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ဧက ၁၃၂၆ ဧကစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူ ၁၆၇ ဦးတို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## (၁၀)မိုင်စိုက်ပျိုးရေးဥယျာဉ်ခြံ၌ ကညွတ်စိုက်ပျိုးခြင်း နည်းပညာပေးသင်တန်းနှင့် နေကြာသီးနှံကွင်းသရုပ်ပြပွဲ ပြုလုပ်

**ကော့သောင်း ဇန်နဝါရီ ၂၄**



တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကော့သောင်းခရိုင် (၁၀)မိုင် စိုက်ပျိုးရေးဥယျာဉ်ခြံ၌ ကညွတ်စိုက်ပျိုးခြင်းနည်းပညာပေးသင်တန်းနှင့် နေကြာသီးနှံ ကွင်းသရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး (၁၀)မိုင် စိုက်ပျိုးရေးဥယျာဉ်ခြံ ဦးစီးမှူး ဒေါ်ရီရီစိန်က သင်တန်းနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ (၁၀)မိုင် စိုက်ပျိုးရေးဥယျာဉ်ခြံ ဦးစီးမှူးက ကညွတ်စိုက်ပျိုးခြင်း နည်းပညာပေး သင်တန်းပို့ချပြီး တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေး တောင်သူများက ကညွတ်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ သိလိုသည်များမေးမြန်းရာ (၁၀)မိုင် စိုက်ပျိုးရေးဥယျာဉ်ခြံ ဦးစီးမှူးက ပြန်လည်ဖြေကြားကာ နေကြာသီးနှံသရုပ်ပြပွဲကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

### ပြည်သူများ စားရေရိက္ခာဖူလုံရေး

**"ပြည်သူများ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အမှီပြုနေရတဲ့ ကုန်းမြင့်ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရေး စတာတွေအတွက် ကုန်းမြင့်တောင်တန်းဒေသများမှာ လှေကားထစ်လယ်ယာမြေ၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေကို စက်မှုလယ်ယာဦးစီးဌာနကနေ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်"**

လက်ရှိကာလမှာ ပြည်သူများ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အမှီပြုနေရတဲ့ ကုန်းမြင့်ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရေး စတာတွေအတွက် ကုန်းမြင့်တောင်တန်းဒေသများမှာ လှေကားထစ်လယ်ယာမြေ၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေကို စက်မှုလယ်ယာဦးစီးဌာနကနေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်ပေါ်ဒေသတွေမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမယ့်အစား စိုက်ပျိုးရေးနည်းစနစ်သစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် နှစ်စဉ်ဝင်ငွေရရှိနိုင်တဲ့ နှစ်ရှည်သီးပင်စားပင်များ အစားထိုးစိုက်ပျိုးလာစေခြင်း၊ နှစ်ရှည်သစ်ပင်ပျိုးပင်များ ဖြန့်ဖြူးပေးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးစေခြင်း၊ ကွန်တိုလိုင်းဖော် သရုပ်ပြပညာပေးစိုက်ပျိုးခြင်း၊ တောင်စောင်းစိုက်ပျိုးနည်းစနစ် (Sloping Agricultural Land Technology, SALT)ဖြင့် စိုက်ပျိုးစေခြင်း စတဲ့စိုက်ပျိုးနည်းလမ်းတွေ ဖြစ်ပါတယ်။ နှစ်ရှည်ပင်များစိုက်ပျိုးရာမှာ အချိန်တိုအတွင်း ဝင်ငွေရရှိစေဖို့အတွက်လည်း ဒေသရေမြေရာသီဥတုနဲ့ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်တဲ့ မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး ကိုင်းကူး/ကိုင်းဆက် ပျိုးပင်များအား ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချပေးခြင်း၊ ကိုင်းကူး/ကိုင်းဆက်နည်းပညာများ ဖြန့်ဝေပေးနိုင်ရန် မျိုးပွားခင်းများ ထိန်းသိမ်းထားရှိ၍ စိုက်ပျိုးနည်းစနစ်များအား စာတွေ့လက်တွေ့ နည်းပညာဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

### အကျိုးရှိရှိ ပြန်လည်အသုံးပြု

စိုက်ခင်းများမှ စွန့်ပစ်ဖယ်ရှားရမယ့် သီးနှံအကြွင်းအကျန်တွေကို တောင်သူတွေ အကျိုးရှိရှိ ပြန်လည်အသုံးပြုနိုင်စေဖို့အတွက် ပညာပေးသင်တန်းတွေပြုလုပ်ပြီး မြေဆွေး၊ ဘိုင်အိုချာစတဲ့သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ရန် အသိပညာပေးခြင်း၊ လက်တွေ့ပြုလုပ်ပြသခြင်း၊ လက်ကမ်းစာစောင်များ၊ ပညာပေးစာအုပ်များ ဖြန့်ဝေပေးခြင်း၊ ရိုးပြတ်များကို ထယ်မှောက်ဆွေးမြည့်စေပြီး စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းစေခြင်း၊ သီးနှံအကြွင်းအကျန်များအား မြေဖုံးပစ္စည်းအဖြစ် အသုံးပြုစိုက်ပျိုးသည့်စနစ်များအား လက်တွေ့သရုပ်ပြပညာပေးခြင်း စတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ သီးနှံအကြွင်းအကျန်များ (crop residues) နဲ့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ (Agricultural wastes) ပေါများစွာရရှိနေပါတယ်။ ပဲမှော်၊ နှမ်းမှော်၊ ကောက်ရိုးစတဲ့ သီးနှံအကြွင်းအကျန်အချို့ကို တောင်သူများမှ တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း၊ မြေဆွေးပြုလုပ်ပြီး စိုက်ခင်းများမှာ ထည့်သွင်းအသုံးပြုခြင်း၊ ပြည်တွင်းရှိ လုပ်ငန်းရှင်များမှ သဘာဝမြေဩဇာအဖြစ် စီးပွားဖြစ်ထုတ်လုပ်ခြင်းများ ရှိနေသော်လည်းပဲ အများစုကိုတော့ စနစ်တကျ စီမံခန့်ခွဲနိုင်မှုအားနည်းနေပါသေးတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေကို စနစ်တကျစီမံခန့်ခွဲခြင်း၊ သီးနှံအကြွင်းအကျန်များကို အသုံးချပြီး တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများဆောင်ရွက်ဖို့အတွက် အခြေခံအဆောက်အအုံများ၊ ပညာရှင်များ၊ စက်ကိရိယာများ စတဲ့နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များစွာ ရှိနေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ငွေကြေးနှင့် နည်းပညာအကူအညီအထောက်အပံ့များလည်း အများအပြား လိုအပ်နေပါတယ်။

### ကမ္ဘာလုံးဆိုင်ရာ ပြဿနာ

မီးခိုးမြူငွေ့ပြဿနာဟာ ဒေသတွင်းပြဿနာသာမဟုတ်ဘဲ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်တဲ့ပြဿနာတစ်ရပ် ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ မီးရှို့မှုများရှောင်ရှားပြီး ပတ်ဝန်းကျင်၊ လူထုကျန်းမာရေး၊ လူမှုအသိုက်အဝန်း၊ ဂေဟစနစ်စသည်တို့ကို ထိခိုက်မှုမရှိတဲ့ ရေရှည်တည်တံ့စေမည့် စိုက်ပျိုးရေးနည်းစနစ်များဖြစ်တဲ့ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေးနည်းလမ်းများ (Climate Smart Agriculture)၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိသော စိုက်ပျိုးရေးနည်းလမ်းများ (Conservation Agriculture) စတာတွေကို လိုက်နာကျင့်သုံး ဆောင်ရွက်သင့်ပါတယ်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးလေ့ရှိတဲ့ ဒေသများမှာ အမြဲတမ်းစိုက်ခင်းများဖြင့် အစားထိုးစိုက်ပျိုးသင့်ပါတယ်။ ကုန်းမြင့်လယ်ယာမြေများမှာ ကုန်းမြင့်လှေကားထစ်စပါးစိုက်ပျိုးခြင်း၊ စပါးအခြေခံ နှစ်သီးစားသီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးခြင်းများ ဆောင်ရွက်သင့်ပါတယ်။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသနှင့် သင့်တော်ပြီး ဝင်ငွေကောင်းမည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးခြင်း၊ တောင်စောင်းစိုက်ပျိုးခြင်း၊ လှေကားထစ်စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ဒေသခံတွေဟာ နေရာဒေသတစ်ခုမှာ ကောင်းမွန်စွာ အခြေချနေထိုင်လာနိုင်ပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်လာနိုင်မှာဖြစ်ပါတယ်။

### အကျိုးရှိထိရောက်စွာ အသုံးပြုသင့်

တောင်သူတွေအနေနဲ့ နောက်သီးနှံစိုက်ပျိုးဖို့မြေပြုပြင်တဲ့အခါ ရှေ့သီးနှံစိုက်ခင်းရိုးပြတ်တွေကို ယူရီးယားအသုံးပြုပြီး ဆွေးမြည့်မှုမြန်စေဖို့ ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့မှ ထယ်ထိုး၊ ထွန်မွှေပြီး စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းသင့်ပါတယ်။ သီးနှံအကြွင်းအကျန်တွေကို မြေဆွေးပုံများ၊ အမှိုက်ကျင်းများ၊ မြေဆွေးကျင်းတွေ ပြုလုပ်ပြီးတော့ စိုက်ခင်းအတွင်း ပြန်ထည့်ခြင်း၊ မြေဖုံးပစ္စည်းများအဖြစ် အသုံးပြုပြီး စိုက်ခင်းအတွင်း ပြန်ထည့်ခြင်း၊ မှိုစိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုခြင်း၊ ဖရဲ၊ သခွား စတဲ့သီးနှံတွေ စိုက်တဲ့အခါ ပလတ်စတစ်တွေနဲ့ ဖုံးအုပ်မယ့်အစား သီးနှံအကြွင်းအကျန်တွေ အသုံးပြုဖုံးအုပ်ပေးခြင်း အစရှိတဲ့ စိုက်ပျိုးရေး အလေ့အထကောင်းများကို ကျင့်သုံးဆောင်ရွက်သင့်ပါတယ်။ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေကို အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားအခြေခံပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးပြုသင့်ပါတယ်။ မီးရှို့မှုကို ရှောင်ရှားနိုင်မယ့် နည်းလမ်းကောင်းတွေကို တောင်သူများအချင်းချင်းမျှဝေပြီး အပြန်အလှန်လေ့လာဆည်းပူးဖို့လည်း လိုအပ်ပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ အထက်ဖော်ပြပါနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ကျန်းမာရေးအတွက် လေကောင်းလေသန့်များ ရရှိနိုင်ခြင်း၊ စိုက်ခင်းများ ရေလိုအပ်မှုများ လျော့နည်းခြင်း၊ မြေဆီလွှာအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း၊ သီးနှံအထွက်နှုန်းတိုးလာခြင်း စတဲ့အကျိုးကျေးဇူးများရရှိလာမှာ ဖြစ်ပါတယ်။

### ပူးပေါင်းလိုက်နာဆောင်ရွက်

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လူသားတွေရဲ့ ပယောဂကြောင့် မီးလောင်မှု၊ မီးရှို့မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ဖို့အတွက် သက်ဆိုင်ရာဌာနများက ပြည်သူလူထုကို အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့လိုသလို ဒေသခံတွေကလည်း မိမိတို့ရဲ့ လူနေမှုဘဝမှာ မီးရှို့ခြင်းဓလေ့စရိုက်များကို လျှော့ချနိုင်မယ့် နည်းလမ်းကောင်းများကို လိုက်နာဆောင်ရွက်သင့်ပါတယ်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကို ထိန်းချုပ်လျှော့ချနိုင်ဖို့အတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဒေသန္တရအမိန့်များ ထုတ်ပြန်တားဆီးဆောင်ရွက်ဖို့ လိုသလို ဒေသခံပြည်သူတွေကလည်း ပူးပေါင်းလိုက်နာဆောင်ရွက်မှသာလျှင် အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးမြို့နယ် ဘုရားကြီးမြို့ ကန်သာယာစာကြည့်တိုက်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်



**ပဲခူး ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ ကန်သာယာစာကြည့်တိုက်ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်တို့က ကန်သာယာစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လူငယ်များစာပေဖတ်ရှုမှု များပြားလာစေရေးနှင့် စာကြည့်တိုက်ကို နေ့စဉ်ဖွင့်ထားရန် မှာကြားခဲ့သည်။ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စာကြည့်တိုက်သို့ စာပေလာရောက်ဖတ်ရှုနေသည့် လူငယ်များကို ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်သူလယ်သမားနေ့ကျင်းပမည့် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော်မြတ်ကြီးဘေး၌ စပါး၊ ပြောင်း၊ နေကြာ၊ ပဲမျိုးစုံ စံပြစိုက်ခင်းများနှင့် စားဖိုဆောင်သီးနှံစုံစိုက်ခင်းများအား သွားရောက်ကြည့်ရှုခဲ့ပြီး ခြံလှောင်မွေးမြူရေးစနစ်များ ပြသသွားရန်၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်ပတ်လည်၌ စိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးဗီဒီယိုများ ထုတ်လုပ်၍ တောင်သူလယ်သမားများနှင့် အများပြည်သူစိတ်ဝင်စားမှုရှိစေရန် ထိထိရောက်ရောက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်



**နေပြည်တော် ဇန်နဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးဗီဒီယိုများ ထုတ်လုပ်၍ တောင်သူလယ်သမားများနှင့်အများပြည်သူ စိတ်ဝင်စားမှုရှိစေရန် ထိထိရောက်ရောက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး ပညာရှင်များအကြား၊ မွေးမြူရေးနှင့် မွေးမြူရေးပညာရှင်များ၊ ငါးမွေးမြူထုတ်လုပ်သူများနှင့် ငါးမွေးမြူရေးပညာရှင်များအကြား ကွက်လပ်ကျန်မရှိစေရေး ထိရောက်စွာ နည်းပညာမျှပေးရန်၊ သင်ကြားလမ်းညွှန်မှုဆိုင်ရာ ဗီဒီယိုရိုက်ကူးထုတ်လုပ်၍ မီဒီယာပလက်ဖောင်းအသီးသီးမှ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ကွင်းဆက်တစ်လျှောက် ပါဝင်ကြသည့် State Holder များ၊ တောင်သူလယ်သမားများကို အသိပညာပေးဆောင်ရွက်နိုင်ကြရေး အိတ်သွန်ဖာမှောက် ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တိုက်တွန်းပြောကြားထားသည်။

ယနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏“သင်ကြားလမ်းညွှန်မှုဗီဒီယို(Instructional Video) ရိုက်ကူးထုတ်လုပ်နည်း” သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် နည်းပညာပေး ဗီဒီယိုရိုက်ကူးထုတ်လုပ်ခြင်းနှင့် ကင်မရာအသုံးပြုနည်း၊ ဒစ်ဂျစ်တယ်ဗီဒီယိုတည်းဖြတ်ခြင်း နည်းပညာ၊ နောက်ခံ စကားပြောခြင်းနှင့် တင်ဆက်သူ၏ အခန်းကဏ္ဍ၊ အွန်လိုင်းတွင် လွှင့်တင်ခြင်း၊ လက်တွေ့ဇာတ်ညွှန်း ရေးခြင်းတို့ကို သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရွှေသံလွင်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ) ရှိ သင်တန်းခန်းမ၌ အခြေခံမော်တာစက်ချုပ်သင်တန်းပို့ချနေမှုကို အားပေးကြည့်ရှုပြီး သင်တန်းသားများ၏ အရည်အသွေး အာမခံချက်ရှိစေရေး အလေးထားဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရွှေသံလွင်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် LZK Apparel Co.,Ltd၊ Tha Shu (Myanmar) Glory Fashion Co.,Ltd နှင့် Pak Chun Industrial Limited Co.,Ltd စက်ရုံများ၌ စက်ရုံတာဝန်ခံနှင့် မန်နေဂျာ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ရန်၊ လုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ကျန်းမာပျော်ရွှင်စွာ လုပ်ကိုင်နိုင်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်စေပြီး အပြန်အလှန် အကျိုးပြုနိုင်ကြောင်း၊ အလုပ်ရှင်၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း၍ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် ရှောင်ရန်၊ ဆောင်ရန် အချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**နေပြည်တော် ဇန်နဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခန္တီးခရိုင် ခန္တီးမြို့နယ်အတွင်း မယ်ပုတ် - ကျားကိုက် - မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင် အနက် ၄ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပိုင်းပေါ်တွင် Box Culvert ရှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပြီးစီးမှုများကို ခန္တီးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ Z.CO ကုမ္ပဏီမှ တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာတို့နှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလဲကျွန်း၌အခြေပြု၍ ပုလဲကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၀ အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ငါးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့်လူနာ နှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်။

**အမျိုးသား**

အရင်က ကျွန်တော် မြိတ်မြို့မှာ ပြပါတယ်။ အခု မြိတ်ထိ သွားစရာမလိုဘဲ ပုလဲကျွန်းမှာ ပြရပါတယ်။ ရောဂါက မျက်စိနဲ့ သွေးတိုး အဖြစ်များပါတယ်။ မျက်စိကတော့ပိုကောင်းလာတယ်။ ကျေးဇူးတင်ပါတယ်။ ဆေးလည်း ပေးပါတယ်။ ဆရာဝန်ကတော့ မျက်စိကို နောက်မှ ခွဲစိတ်ပေးမယ်ပြောပါတယ်။ ဆေးတွေလည်း ပေးလိုက်ပါတယ်။

**အမျိုးသမီး**

ဆီးချိုသွေးချို လာပြတာပါ။ မြို့ကြီးပြကြီး မသွားရတော့ဘူး။ ခရီးဝေးဝေး မသွားရတော့ဘူးပေါ့။ နောက်ဆုံး မြို့သွားနေရရင် ပိုက်ဆံတွေ အများကြီး ကုန်မယ်။ ဒီမှာဆိုတော့ ဘာမှ ကုန်ကျစရိတ်မရှိဘူးပေါ့။ အခုလို သံလွင်သင်္ဘောမှာပဲ ခါးတွေနာလို့၊ သွားကိုက်လို့ ပြဖူးပါတယ်။ မြို့တွေမသွားရဘဲ ဒီမှာ တစ်ခါတည်းပြရတော့ အဆင်ပြေတာပေါ့။ အကုန်လုံးက စေတနာဖြူစင်စွာနဲ့ ကုသပေးပါတယ်။ ကောင်းပါတယ်။ အခုလိုဆေးကုသပေးတဲ့အဖွဲ့ လာရောက်ကုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၈၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၇ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

**ထန်းတပင် ဇန်နဝါရီ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၂ ရက်က အမှတ်(၄) ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့်ဝန်ထမ်းများက အမှတ်(၄)ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများအား လိုအပ်သောသက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများ စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



*❍ ကျောဖုံးမှ*

ပွဲချိန်ပြည့်ခါနီးတွင် သွင်းယူရရှိခဲ့သော ဖာနန်ဒက်စ်၏ သွင်းဂိုးကြောင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲကစားချိန် ၅၂ မိနစ်တွင် ရိန်းဂျားအသင်းမှ ဘတ်လန်း ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ရိန်းဂျားအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၈၈ မိနစ်တွင် ဒက်ဆာက သွင်းယူပေးခဲ့သည်။ ထပ်ဆောင်းအချိန်ပို နှစ်မိနစ်တွင် မန်ယူအသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ဖာနန်ဒက်စ်က အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

## နတ်မောက်မြို့ပေါ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး



**နတ်မောက် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ပွင့်လင်းရာသီသို့ ရောက်ရှိလာသည့်အတွက် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က နတ်မောက် မြို့ပေါ်(၇) ရပ်ကွက်သို့ မီးသတ်ယာဉ်ဖြင့် လိုက်လံအသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂျွန်ရက်ကလစ်ဖ်ကို စီအိုင်အေညွှန်ကြားရေးမှူးအဖြစ် အမေရိကန်အထက်လွှတ်တော် အတည်ပြု

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမျိုးသားထောက်လှမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူးဟောင်း ဂျွန်ရက်ကလစ်ဖ်ကို ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် အမေရိကန်အထက်လွှတ်တော်၌ ဇန်နဝါရီ ၂၃ ရက်က မဲပေးခဲ့သည်။

၎င်းသည် ဒေါ်နယ်ထရမ့်၏ ပထမ သမ္မတသက်တမ်းကာလ နောက်ဆုံးရှစ်လတွင် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ ရက်ကလစ်ဖ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တက္ကဆက်ပြည်နယ်၏ လေးကြိမ်မြောက် ခရိုင်ကွန်ဂရက်လွှတ်တော်အတွက် အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒီမိုကရက်တစ် အမတ် ၂၁ ဦးသည်လည်း ရက်ကလစ်ဖ်ကို စီအိုင်အေ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရေးမဲပေးရာတွင် ရီပတ်ဘလီကင်အမတ်များနှင့်အတူ ထောက်ခံမဲပေးခဲ့သည်။ ထရမ့်ကျမ်းသစ္စာကျန်ဆိုပြီး နာရီပိုင်းအကြာတွင် ဖလော်ရီဒါမှ အမေရိကန် အထက်လွှတ်တော်အမတ် မာကိုရူဘီရိုယိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် အထက်လွှတ်တော်က တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။



စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ရက်ကလစ်ဖ်။

ယင်းသို့အတည်ပြုပြီး သုံးရက်အကြာ ဇန်နဝါရီ ၂၃ ရက်တွင် စီအိုင်အေညွှန်ကြားရေးမှူးကို မဲခွဲဆုံးဖြတ်ကာ အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ဒုတိယအသုတ် ဓားစာခံစာရင်းကို ဇန်နဝါရီ ၂၄ ရက်တွင် ဟားမားစ်တို့ တင်သွင်းမည်

**ဂါဇာ ဇန်နဝါရီ ၂၄**

ဟားမားစ်အုပ်စုသည် ဒုတိယအသုတ်အဖြစ် ပြန်လွှတ်ပေးမည့် အစ္စရေးဓားစာခံလေးဦး၏ အမည်စာရင်းကို ဇန်နဝါရီ ၂၄ ရက်တွင် တင်သွင်းမည်ဟု ဟားမားစ်အဖွဲ့၏ အဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။

ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအောက်တွင် ဟားမားစ်တို့သည် အုပ်စုငယ်များမှ အစ္စရေးဓားစာခံ စုစုပေါင်း ၃၃ ဦးကို ပြန်လွှတ်ပေးရမည်ဖြစ်ပြီး အစ္စရေးတို့ဘက်ကလည်း ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးမည်ဖြစ်သည်။ ဒုတိယအကြိမ်အဖြစ် ဓားစာခံပြန်လွှတ်ပေးမည့် အစီအစဉ်ကို ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ဟားမားစ်တို့ဘက်က ပြန်လွှတ်ပေးမည့် စာရင်းကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရရှိမည်ဟု အစ္စရေးအာဏာပိုင်များက ယူဆထားသည်ဟု မီဒီယာတွင် ဖော်ပြသည်။

ဟားမားစ်တို့သည် ပထမအကြိမ်ပြန်လွှတ်ပေးသည့် ဓားစာခံသုံးဦး၏အမည်စာရင်းကို တင်ပြရန် အချိန်နှောင့်နှေးခဲ့သည့်အတွက် အပစ်အခတ်ရပ်စဲရေးကို သုံးနာရီနီးပါး နောက်ကျပြီးမှ စတင်နိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်သည့်အချိန်မှစတင်ကာ တိုက်ပွဲကြီးများ ဖြစ်ပွားသံမကြားရတော့ချေ။ သို့သော်လည်း အခြေအနေများမှာ မတည်မငြိမ်ဖြစ်နေဆဲဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ တောင်ဘက်ပိုင်းတွင် လက်နက်ကိုင်ဆောင်ထားသူများကို အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟု ဇန်နဝါရီ ၂၃ ရက်တွင် အစ္စရေးတပ်မတော်က ကြေညာသည်။

အင်န်အိတ်ချ်ကေ

## မွန်ဂိုလီးယားနိုင်ငံ၌ ပြင်းထန်သည့် အအေးလှိုင်း သတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ ဇန်နဝါရီ ၂၄**

မွန်ဂိုလီးယားနိုင်ငံ၌ လာမည့်ရက်များအတွင်း အလွန်အေးသည့် ရာသီဥတုဆိုင်ရာနှင့် ကြုံတွေ့ဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက ဇန်နဝါရီ ၂၄ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။



မွန်ဂိုလီးယားနိုင်ငံ၌ နှင်းများထူထပ်စွာကျနေသည်ကို တွေ့ရစဉ်။

ဇန်နဝါရီ ၂၅ ရက်မှစကာ လေအေးများသည် မွန်ဂိုလီးယားနိုင်ငံ၏ နေရာအများအပြားသို့ ဝင်ရောက်ဖွယ်ရှိပြီး ညအပူချိန်မှာ အနုတ် ၄၀ ဒီဂရီ ဆဲလ်စီးယပ်ကျော်လွန်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးချက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီ ၂၃ ရက်က အနောက်ပိုင်း ဇက်ဗ်ခန်းပြည်နယ်၌ အပူချိန် အနုတ် ၄၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်ဖြင့် မွန်ဂိုလီးယားနိုင်ငံ၌ အနိမ့်ဆုံး အပူချိန်အဖြစ် စံချိန်တင်ခဲ့ကြောင်း၊ အလားတူအခြေအနေများသည် ယခုရက်သတ္တပတ်အတွင်း အနောက်ပိုင်းဒေသများ၌ ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း အေဂျင်စီက ပြောကြားသည်။

အလားတူ နိုင်ငံ၏ အခြားဒေသများတွင် အထူးသဖြင့် မြို့တော် အူလန်ဘာတာ၌ အပူချိန် ၁၀ ဒီဂရီ မှ ၁၅ ဒီဂရီဖြင့် မကြာသေးမီရက်များထက် ပိုအေးဖွယ်ရှိမည်ဟု ခန့်မှန်းထားပြီး ရက်သတ္တပတ်ကုန်တွင် နှင်းထူထပ်စွာ ကျရောက်နိုင်သည်ဟု ကြိုတင်ခန့်မှန်းထားသည်။

ဆင်ဟွာ

## ယူဂန္ဓာနိုင်ငံအရှေ့မြောက်ပိုင်းတွင် ဝက်သက်ရောဂါ ဖြစ်ပွားမှုကြောင့် ကလေးငါးဦးသေဆုံး

**ကမ်ပါလာ ဇန်နဝါရီ ၂၄**

ယူဂန္ဓာနိုင်ငံ မိုးနည်းသည့် အရှေ့မြောက်ပိုင်းခရိုင်တွင် ဝက်သက်ရောဂါ ဖြစ်ပွားမှုကြောင့် ကလေးငါးဦးသေဆုံးသည်ဟု ယူဂန္ဓာကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ပြောသည်။

အိမ်နီးချင်း ကင်ညာနိုင်ငံနယ်စပ်ရှိ အမန်ဒပ်တွင် ဝက်သက်ရောဂါ ဖြစ်ပွားမှုတွေ့ရှိသည်ဟု ဇန်နဝါရီ ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။

နာဘီလာတွတ်ဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၁၄၇ ဦးရှိပြီး သေဆုံးသူလေးဦးရှိသည်။ အမန်ဒပ်တွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၄၇ ဦးရှိပြီး တစ်ဦးသေဆုံးသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာအရ အမန်ဒပ်ရှိ ခရိုင်လုပ်ငန်းအဖွဲ့သည် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဇန်နဝါရီ ၁၅ ရက်တွင် ပထမဆုံးလုပ်ငန်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်းက ခရိုင် ၅၆ ခုတွင် ဝက်သက်ရောဂါဖြစ်ပွားခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ပစ်ခတ်မှုဖြစ်ပွား၊ ဆယ်ကျော်သက်အရွယ်အမျိုးသားနှစ်ဦး အပြင်းအထန်ဒဏ်ရာရ

**ဆစ်ဒနီ ဇန်နဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် မဲလ်ဘုန်းမြို့ ဆင်ခြေဖုံးအတွင်း၌ ဇန်နဝါရီ ၂၄ ရက် နံနက်အစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ ဆယ်ကျော်သက်အရွယ် အမျိုးသားနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိကြောင်း သိရသည်။



မဲလ်ဘုန်းမြို့ အလယ်ပိုင်းစီးပွားရေးခရိုင်၏ အရှေ့မြောက်ဘက် ၃ ကီလိုမီတာခန့်အကွာ ကောလင်ဝုဒ်၌ ဒေသစံတော်ချိန် နံနက် ၁ နာရီက ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အသက် ၁၅ နှစ်နှင့် ၁၇ နှစ်အရွယ် အမျိုးသားနှစ်ဦးကို သေနတ်ဒဏ်ရာများဖြင့် တွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ဗစ်တိုးရီးယားပြည်နယ်ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ပစ်ခတ်မှုမဖြစ်ပွားမီ ဟုဒ်လီလမ်းပေါ်၌ လူအုပ်ကြီးတစ်စုက ရန်ဖြစ်ပွားခဲ့ကြသည်ဟု သိရှိရကြောင်း၊ ဒဏ်ရာရရှိသူများကို အနီးနားရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဘိုလီးဗီးယားနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ၁၈ ဦး သေဆုံး၊ မိသားစု ၅၀၀၀၀ ထိခိုက်ခံစားရ

**လာပက်ဇ် ဇန်နဝါရီ ၂၄**

ဘိုလီးဗီးယားနိုင်ငံ၌ နိုဝင်ဘာလမှစသည့် မိုးရာသီကာလအတွင်း ဒေသရှစ်ခုတွင် ၁၈ ဦး သေဆုံးပြီး မိသားစု ၅၀၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားမှုကြောင့် ဒေသန္တရအုပ်ချုပ်ရေးနယ် ၁၂ ခုတွင် သဘာဝဘေးအန္တရာယ်ဇုန်များအဖြစ် ကြေညာခဲ့ပြီး အခြား ၅၅ ခုတွင် ဆိုးရွားသည့် အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း၊ လာမည့်သီတင်းပတ်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုမှာ ဆက်လက်ဖြစ်ပွားနိုင်ပြီး ရေကြီးမှုများ ထပ်မံဖြစ်ပွားနိုင်သည်ဟု ဒုတိယအရပ်ဘက်ကာကွယ်ရေးဝန်ကြီး ဟွမ်ကားလို့စ်ကယ်ဗင်မွန်တစ်က ပြောကြားသည်။

ပြင်းထန်သည့်ရာသီဥတု၏ ဆိုးကျိုးများ လျော့နည်းစေရန်နှင့် အဆိုးရွားဆုံးထိခိုက်ခံစားရသည့် ရပ်ကွက်များသို့ အကူအညီများ ပေးအပ်ရန် ဒေသဆိုင်ရာ မြို့တော်ဝန်များနှင့်အတူ အရေးပေါ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ညှိနှိုင်းပေးခဲ့ကြောင်း ကယ်ဗင်မွန်တစ်က မှတ်ချက်ပြုပြောကြားသည်။

ဆင်ဟွာ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၇၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၄၆ တန်၊ သစ်မာ ၅ ဒသမ ၂၈၉ တန်၊ အခြားသစ် ၂၂ ဒသမ ၉၃၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၁၂၇၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၆၈၈ တန်၊ အခြားသစ် ၀ ဒသမ ၀၂၃ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၈၇၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၅၇၆ တန်၊ အခြားသစ် ၀ ဒသမ ၇၃၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၁၆၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet Pick Up မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၇၁၆၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ TTC ကျောင်းရှေ့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ ထီးလုံမြို့မှ ဘားအံမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၈၆၀၅၀၈) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၉၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်) ၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၂၅၁၂) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၈၄၀၃၀၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၇၉၆၅၈၅၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

** ကျောဖုံးမှ*

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္ဗကားကျေးရွာနှင့် ငါးရယ်ကျေးရွာတို့အကြား ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ မင်းတုန်းမင်းတရားကြီး လက်ထက် ၁၂၂၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့တွင် ရှိမ္ဗကားတောရကြီးကျောင်းနယ်မြေအဖြစ် မူလပထမ ရွှေကျင်ဆရာတော်ဘုရားကြီးထံ လှူဒါန်းခဲ့ပြီး သီတင်းသုံးနေထိုင်သည့်ဆရာတော်ကြီးများက ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် တောတောင်သဘာဝ အလှအပရှုခင်းများ၊ အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြင့် ခံ့ညားထည်ဝါနေသော အဆောက်အအုံများ ယနေ့တိုင် ပျက်စီးပျောက်ကွယ်သွားခြင်းမရှိဘဲ တည်ရှိနေသည်။

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၂၇ ဧကရှိသော ဒေသတွင် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအပြည်ပြည်ဆိုင်ရာအဖွဲ့ (IUCN) ၏ ကာကွယ်ထိန်းသိမ်းမှုအဆင့်သတ်မှတ်ချက်အရ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered–EN) စာရင်းဝင်ရှားပါး၍ မြန်မာနိုင်ငံတွင်သာ



ပေါက်ပွားကျက်စားလျက်ရှိသော မျိုးစိတ် (Endemic Species – ED) ဖြစ်သည့် မြန်မာ့ရွှေသမင်များနှင့် တောကြောင်မျိုးစိတ်များ၊ ရှဉ့်၊ တွားသွားသတ္တဝါများနှင့် ခါ၊ ရွှေပြည်စိုး၊ ကြက်တူရွေးစသည့် ငှက်မျိုးစိတ်များ ကျက်စားရာဒေသဖြစ်သောကြောင့် ရေရှည်တည်တံ့စေရန် အတွက်လည်းကောင်း၊ အပူပိုင်းတောခြောက် အမျိုးအစားတွင် ရှင်သန်ပေါက်ရောက်သည့် သန်း၊ ဒဟတ်၊ တမာ၊ ရှား၊ ကုက္ကိုစသည့် သစ်မျိုးများနှင့် အခြားအပင်မျိုးစိတ်များ ပေါက်ရောက်ခြင်းကြောင့် အပူပိုင်းဒေသ ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် လည်းကောင်း ရည်ရွယ်၍ **"ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"** အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်သည်။

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်ထောင်ထိန်းသိမ်းခြင်းအားဖြင့် မြန်မာ့ရွှေသမင်များ ကျက်စားနေထိုင်ရာ နေရင်းဒေသများအား ရေရှည်တည်တံ့စေရန် စောင့်ရှောက်နိုင်ခြင်း၊ အပူပိုင်းသစ်တောဂေဟစနစ်များနှင့် သစ်တောဖုံးလွှမ်းမှု ပိုမိုကောင်းမွန်လာပြီး ထာဝစဉ်တည်ရှိနေခြင်းအားဖြင့် ရာသီဥတုမျှတစေခြင်းနှင့် ကောင်းမွန်သော မြေဩဇာ၊ မြေဆီများကို ထိန်းသိမ်းထားနိုင်ခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်းနှင့် ချောင်းကောခြင်းများကို သက်သာစေနိုင်ခြင်း၊ မြစ်၊ ချောင်းများ ရေစီးရေလာများ ကောင်းမွန်လာစေခြင်း၊ တောတောင်ရေမြေနှင့် သဘာဝသစ်ပင်များ အမြဲတမ်းစိမ်းလန်းစိုပြည်လာခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် စားကျက်များ ကောင်းမွန်ခြင်းနှင့် အကောင်အရေအတွက် တိုးတက်ပွားများလာစေခြင်း၊ တောတောင်ရေမြေသစ်ပင်များ ဖွံ့ဖြိုးကောင်းမွန်လာစေခြင်းအားဖြင့် မြေနိမ့်ပိုင်းလယ်ယာမြေများတွင် သဘာဝမြေဩဇာများ ပေါကြွယ်ဝ၍ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

## ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး အဆောက်အဦးတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ ဇန်နဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး အဆောက်အဦးတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# မိတ္ထီလာခရိုင်စိုက်ပျိုးရေးရုံး၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး သင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်း(၂၀၂၂)မှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၂၃ ရက်က ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။ **(ယာပုံ)**



စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းတွင် စီမံကိန်းညွှန်ကြားရေးမှူး ဒေါက်တာခင်မာလေးက စီမံကိန်းအကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာခရိုင် စိုက်ပျိုးရေးဌာနမှ ဦးစီးမှူး ဒေါ်စန္ဒာလင်းက နွေသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် နည်းပညာများ စနစ်တကျလိုက်နာစေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးမြေအသုံးချရေးတာဝန်ခံ ဒေါ်သက်သက်ထွန်းက မြေဆီလွှာနှင့် အပင်အာဟာရဓာတ်များ စီမံခန့်ခွဲခြင်းနည်းအကြောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က သီးနှံဖျက်ပိုးရောဂါများကာကွယ်နှိမ်နင်းနည်းအကြောင်း၊ တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးများ၏အရည်အချင်းလက္ခဏာများအကြောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံအထွက်နှုန်းမထိခိုက်စေရေး ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများအကြောင်းကို ပို့ချခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို မိတ္ထီလာ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦးမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်း ၃၀ နှင့် စိုက်ပျိုးရေးတောင်သူ ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လပွတ္တာမြို့၌ ကျောင်းတွင်းအာဟာရကျွေးမွေး

**လပွတ္တာ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် (၃)မိုင်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် လပွတ္တာမြို့ ဘုရားလမ်းရှိ အမက(၆)ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူလေးများအား ဇန်နဝါရီ ၂၃ ရက်က အာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။



လပွတ္တာမြို့၌ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်း၍ (၃)မိုင်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ မူလတန်း ကျောင်းသား ကျောင်းသူ ၆၃ ဦးနှင့် လပွတ္တာမြို့ (၆)ရပ်ကွက် ဘုရားလမ်းရှိ အမက(၆)ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၂၈ ဦးတို့အား အာဟာရကျွေးမွေးခြင်းအဖြစ် ထမင်း၊ ပဲဟင်းနှင့် ရွှေဖရုံသီးဟင်းချို၊ ကြက်ဥ၊ ငှက်ပျောသီးနှင့် ပေါင်မုန့်တို့ကိုကျွေးမွေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများမှ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# သန်လျင်မြို့၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား စားအုန်းဆီများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ခရိုင်မြန်မာ့စီးပွားရေးဘဏ် (သန်လျင်)ဘဏ်ခွဲတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီများ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေး အစီအစဉ်ကို ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ အဆိုပါ မြန်မာ့စီးပွားရေးဘဏ်ခွဲ (သန်လျင်)၌ ရောင်းချဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




ထိုသို့ စားအုန်းဆီများ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးရာတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များ တစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာမှ သုံးပိဿာအထိ တစ်ပိဿာလျှင် ကျပ် ၈၅၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ရောင်းချပေးလျက်ရှိကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီများ ရောင်းချပေးရာသို့ ခရိုင်မြန်မာ့စီးပွားရေးဘဏ် (သန်လျင်)ဘဏ်ခွဲမှ ခရိုင်မန်နေဂျာ ဦးဇော်ရှင်းနှင့် ဘဏ်ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ကော့မှူး၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ကော့မှူး ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က အခြေခံပညာအထက်တန်းကျောင်း (ကော့မှူး) နှင်းဆီခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကား ပြောကြားပြီး ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲတိုယမှူး သောင်းရွှေက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများ၊ မှုခင်းဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် သတိပြုရမည့်အချက်များ အကြောင်း ဟောပြောသည်။



အဆိုပါဟောပြောပွဲသို့ တွံတေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးလက်ကမ်းစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ကျော်သူရ (ကော့မှူး)**

# ကွမ်းခြံကုန်းမြို့နယ်၌ မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ကူညီပို့ဆောင်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "မရှိ၍မလင်းသူ မရှိစေရ" ကုသရေး အစီအစဉ်ကို ကွမ်းခြံကုန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်ကုသရမည့် လူနာ ၁၀ ဦးကို ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဦးဆောင်ကာ ရန်ကုန်မြို့ရှိ ဗဟန်းအမျိုးသမီးဆေးရုံသို့ခွဲစိတ်ကုသနိုင်ရေး ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ မျက်စိခွဲစိတ်ရမည့် လူနာ ၁၀ ဦးအနက် နှစ်ဦးမှာ မျက်စိခွဲစိတ်ရန်အတွက် ရောဂါများပြန်လည်စမ်းသပ်ချိန်တွင် သွေးတိုးနေခြင်းနှင့် ဆီးချိုရောဂါဖြစ်နေသည်ဟု ဆေးစစ်ချက်ပေါ်ထွက်လာသဖြင့် ခွဲစိတ်ခြင်းမပြုရဘဲ ကျန်လူနာ ရှစ်ဦးကိုသာ ခွဲစိတ်သွားမည်ဖြစ်သဖြင့် ခွဲစိတ်ကုသရမည့် မျက်စိဝေဒနာရှင်များ ဆေးရုံတက်ရောက်နိုင်ရန် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# မြောင်းမြမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မြောင်းမြ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဇန်နဝါရီ ၂၃ ရက်တွင် အထက(ဂုန်နီ)၌ မြောင်းမြမြို့နယ်ရုံးက ပန်းခင်းစီမံချက်(၃)အဖြစ် အထက(ဂုန်နီ)ကျောင်း၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ဂုန်နီ) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Biometric(e-ID Card) များ ဆောင်ရွက်ပေးအပ်သည်။

အဆိုပါ ပေးအပ်ပွဲကို မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကို၊ လဝကမြို့နယ်ဦးစီးမှူး ဦးထွန်းငြိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် e-ID ကတ်များ ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြ

**ဘီးလင်း ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၃ ရက်က အထက(ဘီးလင်း)၌ ပြုလုပ်သည်။

ဦးစွာ ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးတင်လင်းဦးက ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၄**

လှည်းကူးမြို့နယ် ရဲမွန်ခေတ်မီစံပြကျေးရွာ ရဲမွန်အုပ်ချုပ်ရေးမှူးရုံး ဓမ္မာရုံ၌ ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက်က ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးက အမှာစကားပြောကြားပြီး ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်းဒို့ကာကွယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့် PM2.5 လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ- မမြင်နိုင်သောလူသတ်သမား အသိပညာပေး video clip ပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာစိုးက အမှိုက်များစနစ်တကျ စွန့်ပစ်ရန်နှင့် အမှိုက်မီးရှို့မှုမပြုရေး သိကောင်းစရာများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက ပလတ်စတစ်ညစ်ညမ်းမှုအကြောင်း သိကောင်းစရာများအကြောင်းအရာဖြင့်လည်းကောင်း၊ လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်းအောင်က ရိုးပြတ်များမီးရှို့မှုမပြုရေး သိကောင်းစရာအကြောင်းအရာများဖြင့်လည်းကောင်း၊ လှည်းကူးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဖြိုးလင်းက မီးလောင်ခြင်းကြောင့်ဖြစ်ပေါ်လာသော မီးခိုး



မြူငွေ့ အန္တရာယ်အကြောင်း သိကောင်းစရာများဖြင့်လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

ယင်းနောက် ဆက်စပ်ဌာနများနှင့် ပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် အသိပညာပေးစာအုပ်များနှင့် အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ရှောင်မြို့နယ် မြင်းတွင်း-တောင်မြင့်ကြီးကျေးရွာလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီး

**ရှောင် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့နယ် မြင်းတွင်း-တောင်မြင့်ကြီးကျေးရွာလမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၂၃ ရက်က ရှောင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ခံ ဒေါ်အေမီခင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကျေးရွာလမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၅၆ ဒသမ ၇၁၇ သန်းဖြင့် လမ်းအရှည် ၆ ဒသမ ၈၁ မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၄ လက်မခန့်ကို (P4S)ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**



# ကော့မှူး၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကော့မှူး ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း(ကော့မှူး) နှင်းဆီခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးလူမင်းက မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်စေသော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ဖြစ်ပွားနေချိန်တွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ရာသီဥတု ပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းအား လျှော့ချရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်း၊ တောမီးမရှို့ခြင်းနှင့် တောင်ယာမီးရှို့ခြင်းများ မပြုလုပ်စေရေးစသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# သာစည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**သာစည် ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနက ဇန်နဝါရီ ၂၂ ရက်တွင် သပြေဝကျေးရွာရှိအိမ်ခြေ ၄၅၇ အိမ်ကို တစ်အိမ်တက်ဆင်းစစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲငွေးဦးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို တစ်အိမ်တက်ဆင်းစစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာအချက်များ အသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၃



ရက်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိခိုင်ဇင်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးပိုင်ဇော်က သစ်တောထွက်သယံဇာတပစ္စည်းများအား ထိန်းသိမ်းရန်၊ သစ်တော၊ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ တောင်ယာခုတ်ထွင်မီးရှို့မှုများ မပြုလုပ်ရေး အကြောင်းအရာများ၊ ရေသယံဇာတထိန်းသိမ်းရေး အကြောင်းအရာများ၊ ရေချွေတာသုံးစွဲရေး၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသောအကြောင်းအရာများ၊ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် နည်းလမ်းများအကြောင်းကို ကျောင်းသား ကျောင်းသူ ၂၀၀ အား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **အေးမဥ္ဇူ**



ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁)၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၁ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေးစဉ်။ မောင်မွေး



# မင်းလှမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**အထက်မင်းလှ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း မီးသတ်ဦးစီးဌာနက ဇန်နဝါရီ ၂၂ ရက်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး လိုက်လံစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စိုးလင်း၏ ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်အတွင်း ဌာနဆိုင်ရာရုံးအဆောက်အဦများ၊ ရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အဦများ၊ စာသင်ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံများနှင့် ရပ်ကွက်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ကာ မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာရမည့် အချက်များကို အသိပညာပေး ဆွေးနွေးပြောကြားပြီး မီးဘေးလုံခြုံရေးစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## ကလောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကျင်းပ



**ကလော ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလောခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်က ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ တင်ပြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများတင်ပြပြီး အစည်းအဝေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ကလောခရိုင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ်(ပြန်/ဆက်)

ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက်

(၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

**ရောဂါကူးစက်ပုံနည်းလမ်းများ**

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

**ရောဂါလက္ခဏာများ**

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## မိုင်းပဲ-လုံကြိမ်လမ်း မြေသားလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီး

**မိုးနဲ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မိုင်းပဲ-လုံကြိမ်လမ်း မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးဝင်းကျော်မျိုး၊ စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးဝင်း၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် မြို့နယ်တာဝန်ခံတို့က မိုင်းပဲ-လုံကြိမ်လမ်း မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အပိုင်းနှစ်ပိုင်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ လမ်းအပိုင်း(၁)ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၃၅၉ သန်းဖြင့် လမ်းအရှည် ၀ ဒသမ ၆၀၃၄ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့် ဒု ၂၂၅ မီလီမီတာကိုလည်းကောင်း၊ အပိုင်း(၂)ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၈၁ သန်းဖြင့် လမ်းအရှည် ၀ ဒသမ ၇၅၄ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့် ဒု ၂၂၅ မီလီမီတာတို့ကို တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဝိုးတောင်း



## မိုင်းပန်-ကုန်းကျိုင်းလမ်း အဆင့်မြှင့်တင်

**မိုးနဲ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုင်းပန်-ကုန်းကျိုင်းလမ်း ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇန်နဝါရီ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဝင်းကျော်မျိုး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးဝင်းနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၃၈ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက လမ်းအရှည် ၀ ဒသမ ၆၀၃၅ ကီလိုမီတာ၊ ၃ ဒသမ ၆၆ မီတာအကျယ်နှင့် ၂၂၅ မီလီမီတာဒုကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ

## ထန်းတပင်မြို့နယ်အတွင်းရှိ လူနာများအား အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆေးကုသ

**ထန်းတပင်(ပဲခူး) ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ထန်းတပင်မြို့နယ်၌ တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်များအား မြို့နယ်ပြည်သူ့ဆေးရုံတွင်ယနေ့ နံနက်၉နာရီက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးရာတွင် တောင်ငူခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများပူးပေါင်း၍ စုစုပေါင်း ၃၂၃ ဦးတို့ကို ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆေးကုသရာသို့ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြတ်စိုး၊ တောင်ငူခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းဝင်းခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



## တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**မန္တလေး ဇန်နဝါရီ ၂၄**

ချမ်းမြသာစည်မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းမြင့်နှင့် ရာအိမ်မှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဝင်းမောင်၊ တပ်ခွဲမှူးများ၊ ဒု-တပ်ခွဲမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွပ် ကံရွာအတွင်းရှိ အိမ်ခြေ ၂၅၃ အိမ်၊ အိမ်ထောင်စု ၄၅၆ စု၊ လူဦးရေ ၁၃၆၈ ဦး၏ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ လူနေအိမ်များအတွင်း တရားမဝင် လောင်စာဆီများ သိုလှောင်မှုမရှိရေး၊ နေအိမ်ခြံဝင်းများအတွင်း လောင်စာအမှိုက်များစုပုံထားမှုမရှိရေး၊ မီးချိတ်မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိရေး တစ်အိမ်တက်ဆင်း လိုက်လံ စစ်ဆေး၍ အသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဇန်နဝါရီ ၂၄ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးတင်အေး၏သမီး မြိတ်မြို့အမက ရှမ်းချောင်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အထွေထွေလုပ်သား ဒေါ်တင်မာအေး ၆/မအရ(နိုင်)၁၀၅၂၅၉ ၏မွေးသက္ကရာဇ် အမှန်မှာ အမှုထမ်းသက်မှတ်တမ်းပါ စာအုပ်အရ ၁၃-၆-၁၉၈၂ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

(ဘ)ဦးအောင်မိုးဦး၏သမီး မြိတ်မြို့၊ အထက(၁)၊Grade-10မှ မသံဇဉ်မိုးဦး၏မိခင် ဒေါ်ခင်သန်းနု၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်မြတ်မွန် ၆/ကစန(နိုင်)၀၁၇၅၂၆ ဖြစ်ပါကြောင်း။

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ်(၁၃၄)၊ (၃)လွှာ(ဒုတိယထပ်)(ခေါင်းရင်းခန်း)လူနေတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာ လွင် (၁၂/ဒပန(နိုင်)၀၄၅၅၀၆)က (၂၅-၁-၂၀၂၃)ရက်စွဲပါ အပြောက်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ မြေရှင်ဖြစ်သူ ဒေါ်ဝင်းဝင်းမော် (၁၂/ဒပန(နိုင်)၀၁၅၈၄၆)ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လူနေတိုက်ခန်းဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို ကျူးကျော်ခြင်း၊ ဝင်ရောက်နေ ထိုင်ခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းမှစ၍ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးယဉ်ထွန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည်(၂၀၂၄-၂၀၂၅) ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆေးသိုလှောင်ရုံများအတွက် လိုအပ်သော ရုံးသုံးပရိဘောဂများ ဝယ်ယူရန် တင်ဒါအမှတ် 24DMS/2024-2025(L)ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံး အမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၁-၂၀၂၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၂၅ ရက် မွန်းတည့် ၁၂နာရီ
**ဆက်သွယ်ရမည့်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄၊၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ Grade-9မှ မောင်ကျော်ဇေယျ၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်သက်သက်ခင်ဖြစ်ပါကြောင်း။

**ဒေါ်သက်သက်ခင်**

## မိခင်အမည်မှန်

ဘားအံမြို့နယ်၊ လှာကာ ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ ကျောင်းသူ နန်းရီရီခင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခင်အေးမြင့် ၃/ဘအန(နိုင်)၂၂၁၀၈၈ ဖြစ်ပါကြောင်း။

## အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ (ငွေနံ့သာစံပြ ကျေးရွာ)ကွင်းအမှတ်-၄၉၅-အေ၊ မြေကွက်အမှတ်-(၆၇၅)ဟုခေါ်တွင်သော အကျယ်ပေ ( ၁၀၀ x ၁၂၀ )ရှိ ခြံမြေသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကျေးရွာများ ပြောင်းရွှေ့နေရာချထားရေးအဖွဲ့၏ (၄-၄-၁၉၉၆)ရက်စွဲပါစာအမှတ် -၁၅/၁၀/ဦး ၅ ဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်အော်တိုတယ်လီဖုန်းဌာန၏ အင်ဂျင်နီယာချုပ် ရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ်အချိန်က ကျွန်တော် ဦးစိုး(၁၂/သဃက(နိုင်)၀၂၆၀၂၁) (ဘ)ဦးကြီးစိန်အမည်ဖြင့် ချထားပေးခဲ့သော အချိန်ကတည်းက ပိုင်ဆိုင်ကာ လက်ဝယ်ထားရှိစီမံမှုပြုနေသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။ အဆိုပါ ခြံမြေ၏ စီမံမှုအရပ်ရပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ အာမခံ အဖြစ် ထားရှိခြင်းတို့မှ ပကတိကင်းရှင်းပြီး ယနေ့အချိန်အထိ ဦးစိုး တစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး မိမိ၏လက်ဝယ်တွင်သာ တည်ရှိသည့် ခြံမြေ ဖြစ်ကြောင်း ဦးစိုး၏ ခွင့်ပြုချက်မရဘဲ ၎င်း၏ မျက်ကွယ်တွင် ရောင်းဝယ်ခြင်းများ၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများ ပြုလုပ်ခဲ့သည်ရှိသော် တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိနိုင်စေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုး**
**(၁၂/သဃက(နိုင်)၀၂၆၀၂၁)**
**MMN 062907**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီခင်**
**P.G.D.L.(W.I.P.O-Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၆၆၇)**
**အမှတ်(၅၄/၁)ပုသိမ်လမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၉၆၃၆၀,၀၉-၇၆၄၀၉၆၃၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၆၊ ဦးပိုင်အမှတ်(၃၃-က)၊ ၈၇ x ၈၈ လမ်းကြား၊ ၂၄ x ၂၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နန်းကိန်ခမ်း၊ ဒေါ်နန်းဆိုင်လှိုင်းခမ်းတို့၏ (SP ရရှိသူ ဦးရွှေပိုးဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၅၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမာ ၉/မနတ(နိုင်)၀၇၀၄၇၁ က အမှုတွဲအမှတ် (၀၇၁၇/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ်(၁၈-စီ)၊ ပထမထပ်(ဝဲ)ဘက်၊ အကျယ်အဝန်း (၁၅ x၆၀)ပေတိုက်ခန်းကို အရပ်စာချုပ်အဆက်အစပ်များဖြင့် ဦးကျော်ထွန်း (၁၂/သဃက(နိုင်)၀၅၅၈၉၂)မှ ရောင်းချရန်အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ကျန်သနီး(ခ)ဒေါ်တင်တင်စိုး (၇/ဖမန(နိုင်)၂၆၁၇၃၈)မှ ဝယ်ယူရန်သဘော တူညီပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးနေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျန်သနီး (ခ) ဒေါ်တင်တင်စိုး ၇/ဖမန(နိုင်)၂၆၁၇၃၈**
**Ph-09-43073318, 09-440751638**

## ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ လှာကာ ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-6 မှ ကျောင်းသား စောကောင်းခန့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဝင်း ၃/ဘအန(နိုင်)၂၃၅၆၁၃ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၁၊ ဦးပိုင်အမှတ် ၅၄၊ ၁၁၆x၁၁၇ကြား၊ ၅၁x၅၂လမ်းကြားရှိ ဒေါ်တင်ညွှန့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်စည်းစိမ်စိုးက တရားပြိုင် ဒေါ်တင်ညွှန့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၅၈/၂၀၂၄) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စည်းစိမ်စိုး ၁/မညန(နိုင်) ၁၇၁၉၂၈က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးမျိုးကိုကိုနိုင်၏သားများဖြစ်သော မြိတ်မြို့၊ အထက(၁) Grade-11မှ မောင်ဟိန်းထက်အောင်အား ယနေ့မှစ၍ မောင်ခန့်ညားအောင်ဟုလည်းကောင်း၊ Grade-6မှ မောင်ရှင်းခန့်အောင်အား မောင်လျှံထက်အောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ညားအောင်၊ မောင်လျှံထက်အောင်လင်း**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၁၀) Grade-8 မှ မစုစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆန်း ၁၂/မဘန(နိုင်)၁၅၄၂၅၃ ဖြစ်ပါကြောင်း။

**ဦးဝင်းဆန်း**
**၁၂/မဘန(နိုင်)၁၅၄၂၅၃**

## အများသိစေရန်အသိပေးကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၊ ထားဝယ်ကမ်း(၁)ရပ်ကွက်၊ ငြိမ်းချမ်းရေးလမ်းရှိ မြေကွက်အမှတ် ၃၉-ခ၊ ဦးပိုင်အမှတ်-က/၂၆၇၊ အလျား(၆၀)ပေXအနံ(၂၀)ပေ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်ကျော်စိုး-ဒေါ်သက်သက်ချိုတို့မှ (၂၃-၂-၂၀၁၇)ရက်၌ဒေါ်စန်းမူထံငွေ ၈၀၀၀၀၀၀/-(ကျပ်သိန်းရှစ်ဆယ်တိတိ) ဖြင့်ဝယ်ယူခဲ့ပြီး RC(၁)ထပ်တိုက်နေအိမ် ဆောက်လုပ်ပြီးနေထိုင်ခဲ့ပါသည်။ အဆိုပါနေအိမ်နှင့် မြေကွက်ကို ဦးအောင်ကျော်စိုး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်းအမည်ပြောင်းခြင်းများပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ဇနီးဖြစ်သူဒေါ်သက်သက်ချိုမှာလည်း အထက်ပါကိစ္စများကိုပြုလုပ်ပါက တာဝန်ယူ၍ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုမြင့်၊LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၉၆)**
**အမှတ်(၁၆)၊ ရွှေလိပ်ပြာလမ်း၊ ဗေယျာသီရိ(၂)ရပ်၊ မြိတ်မြို့၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၃/၃၊ ဦးပိုင်အမှတ် ၂၈၃-က၊ ၅၄ x ၅၅ ကြား၊ ၂၆ x ၂၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်း ၉/မနမ(နိုင်)၀၅၇၅၄၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၄၂၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စမ်းစမ်းဝင်း ၉/မဟမ(နိုင်)၀၂၅၇၃၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတမြို့နယ်၊ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၄၀)၊ ကံလှပန်းဘဲတန်း၊ ဦးပိုင်အမှတ် (၂၉ဂ)၊ ဧရိယာ(၀.၀၄၅) ကေရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-ဦးပိုင်(၂၉ဃ)၊ (ခ) အနောက်လားသော်-ဦးပိုင်(၂၉ဃ)၊
(ဂ) တောင်လားသော်-ထယ်ရုံလမ်း၊ (ဃ) မြောက်လားသော်- ဦးပိုင်(၂၉ဃ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်စန်းစန်းအေးပါ (၅)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

